www.burmeseclassic.com

# လူငယ်

၂၅

# LUNAY

25

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၂၈၀၈၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၂၉၀၉၀၉

ထုတ်ဝေသူ - ဦးဝင်းသူရလွင်

(အိပ်မက်အသစ်စာပေ)

၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊

တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးဇော်မြင့်ဝင်း

(ကာလာဇုန်ပုံနှိပ်တိုက်)

၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)

ပန်းဘဲတန်းမြို့နယ်။

မျက်နှာဖုံးဒီဇိုင်း - Joker

ပုံနှိပ်ခြင်း - ပထမအကြိမ်

အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅ • ၈၃

လူနေ

၂၅ / လူနေ ။ - ရန်ကုန် ၊

အိပ်မက်အသစ် ၊ ၂၀၀၉။

၂၁၀ - စာ၊ ၁၂ × ၁၈ • ၅ စင်တီ။

(၁) ၂၅

## အိပ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ


၁။ ပြာဖြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ — သစ္စာနီ
၂။ အဆောင်သူအတွက်... — ဝေမှူးသွင်
၃။ ဂလိုဘယ်လိုက်ဇေးရှင်း ရွှေပေါင်းလူ့ဆိုးနဲ့... — မောင်စူးစမ်း
၄။ ဂလက်စီမိန္တာနှင့်သံမဏိမီးလျှံ — တာရာလင်းနွယ်
၅။ မိုးရာသီပတ်ပျိုး — တာရာမင်းဝေ၊ ဝေမှူးသွင်
၆။ ကမ်းဝေးလှောင်အိမ် — သစ္စာနီ၊ မင်းခိုက်စိုးစန်
၇။ သူ့ရဲ့ကောင်းသြဝါနှင့်ရှေ့လျှားနေသောရဲတိုက် — တာရာလင်းနွယ်
၈။ မှုကြိုတစ်ဦး၏ဖာလူ့ဒါအရသာ — ဝေမှူးသွင်
၉။ ကြက်ခြေခတ်နှစ်ခု — တာရာမင်းဝေ၊ ဝေမှူးသွင်
၁၀။ မင်းလူ...ဝေမှူးသွင်...L မင်းပြည့်မွန် — မင်းလူ၊ ဝေမှူးသွင်၊ Lမင်းပြည့်မွန်
၁၁။ ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် — Lမင်းပြည့်မွန်
၁၂။ အိပ်မက်တစ်မက်စာ — ရွှေထိုက်
၁၃။ တစ်ဝက်တစ်ပျက်ည — မင်းခိုက်စိုးစန်၊ Lမင်းပြည့်မွန်
၁၄။ အနေ့သွားလွှန်းမျှဟာဥ် — ဝေမှူးသွင်
၁၅။ ဟိုး...ရှေးရှေးတုန်းက — ရွှေထိုက်
၁၆။ ငှက်ဆိုးတွန်ချိန် — သတိုးဇေတ
၁၇။ စောင့်နေသူ — သတိုးဇေတ
၁၈။ ညဉ့်နက်သန်းခေါင်ခွေးတစ်ပေါင် — သတိုးဇေတ
၁၉။ ကျွစ်ပစီသင်ခန်းစာ — လင်းညို့သွေး
၂၀။ ဓိဋ္ဌာမျက်ရည် — ဒေဝလကျော်
၂၁။ ခွဲလမ်းခြင်းခရီးသည် — သတိုးဇေတ
[illegible] မာယာကစားပွဲ — လင်းညို့သွေး
[illegible] အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ — ဝေမှူးသွင်
[illegible] ချစ်သူရှာ — လူနေ
[illegible] အမှောင်ကြောက်သူ — သတိုးဇေတ၊ ဒေဝလကျော်
[illegible] ညည်းတွားရှိက်တဲ့ဗုံသံ — သတိုးဇေတ
[illegible] ဦးရှင်ကြီး — ဒိဗ္ဗကျော်စွာ
[illegible] ခန်းဝင်စား — ဝေမှူးသွင်
[illegible] အရေယ် — လူနေ
[illegible] ထလေးအတွေး Essay — မင်းခိုက်စိုးစန်
[illegible] ထိန္နရာပြည်သို့ အလည်ရောက်သူ — ဒိဗ္ဗကျော်စွာ
[illegible] အာဆိုလားပဲ — လူနေ
[illegible] ဆေးညှိတ်ပြောတဲ့ အရိပ်ကလေး — ဝေမှူးသွင်
[illegible] ဆိပ်ပြာခွဲတဲ့ည — ဒဿကျော်စွာ
[illegible] အရွှေ့နိုရာကြမ္မာဆို၊ — သတိုးဇေတ
[illegible] [illegible] — [illegible]


ထွက်ရှိမည့်စာအုပ်များ


[illegible] [illegible]ရောင်မှန်တိုင်း၊ — [illegible]
[illegible] [illegible]နိုင်၊ — [illegible]


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# လူဒဋ

25

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၁)

မျက်နှာပေါ်ကျင့် ဟညာ အလင်းရောင်ကြောင့် သူ လန့်နိုး သွားသည်။ ထိုအလင်း… လက်ဖြင့်ကာလိုက်၏။

သူခေါင်းက အနည်းငယ်နာကျင်နေတာကို သတိထားမိ သည်။ ထို့နောက် သူ့ခန္ဓာကိုယ်အား လဲနေရာမှလူးလဲထလိုက်ပြီး ပတ်ဝန်းကျင်ကို သေချာကြည့်မိသည်။

သူသည် အိမ်တစ်လုံးထဲတွင် ရောက်ရှိနေခြင်းဖြစ်သည်။

တိုးလို့တွဲလောင်းကျနေသော အဝတ်စများ၊ ဖုန်များနှင့် အိမ်ထောင်ပရိဘောဂ အနည်းငယ်တို့ကို တွေ့ရသည်။

လူများမနေတော့သော အိမ်ပျက်ကြီးတစ်ခုနှင့်တူနေသည်။

သူ ဘယ်ရောက်နေတာလဲ…။

ပြန် စဉ်းစားကြည့်မိသည်။ ဘာကိုမှ ရေရေရာရာမမှတ် မိ…။ ခေါင်းကိုက်နေတာကိုပဲ ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် သူ အခုရောက်ရှိနေသောအိမ်ထဲတွင်လည်း လူတစ်ဦး မှရှိပုံမရ...။ တိတ်ဆိတ်နေသည်။

ကားသံ၊ လူအများ စကားပြောသံလည်း မကြားရ...။

ဘာကိုမှ တွေးမရသောကြောင့် စိတ်တို့ ချောက်ချားလာ သည်။

ထို့နောက် အိမ်အပြင်သို့ထွက်ရန်အတွ ... မကြီးဆီသို့ သွားကာ တံခါးဖွင့်လိုက်လေသည်။

"ဟင်"

တွေ့လိုက်ရသောမြင်ကွင်းကြောင့် သူ့ ခန္ဓာတာ ကြက်သေ သေသွားသည်။

လူသူတိတ်ဆိတ်နေသော လမ်းတစ်ခုနှင့် အိမ်အနည်းငယ် အား တွေ့လိုက်ရသောကြောင့်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



သူ မတ်တပ်ရပ်နေတာပင် အတော်ကြာသွားပြီဖြစ်သည်။ ထိုအိမ်များဆီမှ တစ်ခုခုထူးခြားလေမလားဟု ရပ်ကြည့်နေမိခြင်းဖြစ်သည်။

ထူးခြားမှုမရှိသောကြောင့် ထိုလမ်းမအတိုင်း လမ်းလျှောက်သွားလိုက်သည်။

လူတစ်ယောက်မှ မတွေ့ရ…။ လမ်းမတစ်လျှောက်တွေ့ရသောအိမ်များထဲတွင်လည်း လူများရှိနိုင်ပုံမပေါ်ချေ…။

ဒီမြို့က လူတွေ ဘယ်ရောက်သွားကြလဲ…။

သူကရော ဒီမြို့ကို ဘာကြောင့်ရောက်နေရတာလဲ…။

တွေးရင်းတွေးရင်းနဲ့ လမ်းဆက်လျှောက်လာခဲ့သည်။

သူတွေ့ရသောအိမ်များသည် အိမ်အဟောင်းများဖြစ်ကြသည်။ တစ်ချို့ အိမ်နံရံ၏သစ်သားများမှာ ပြုတ်ကျနေသည်။

အကြောင်းတစ်စုံတစ်ခုကြောင့် ဒီမြို့ကလူတွေ သူတို့အိမ်တွေကို စွန့်ပစ်သွားပုံရသည်။

သူကရော ဒီမြို့က မြို့သားတစ်ယောက်ပဲလား…။

သူ စဉ်းစားလို့မရ…။ ဘာမှ မမှတ်မိခြင်းဖြစ်သည်။

မြို့ကို တစ်ပတ်ပတ်ကြည့်ရင်းနှင့်ပင် ဗိုက်ကဆာလာသည်။ အခုရောက်ရှိနေသည့် မြို့အကြောင်း၊ သူ့အကြောင်းကို ဘေးဖယ်ထားလိုက်ပြီး စားဖို့ တစ်ခုခုရှာရန် ဆုံးဖြတ်လိုက်သည်။

ရှိပါစေဟုလည်း ဆုတောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စားစရာရှိနိုင်သောနေရာအား မြို့တွင်းထဲ၌ လိုက်ရှာမိသည်။

အိမ်တော်တော်များများကို ဝင်မွှေရှာသည်။ မတွေ့…။

အချို့အိမ်အတွင်းပိုင်းများသည့် ဖုန်များပင် တက်နေပြီဖြစ်သည်။


ထိုသို့ရှာရင်း ရှာရင်းနှင့်ပင် သူ၏မျက်လုံးများသည် အိမ်ဘစ်အိမ်ကို တွေ့ရှိသွားသည်။

ဘာကြောင့်မှန်းမသိ… ထိုအိမ်ကိုမြင်မြင်ချင်းပင် စားစရာတစ်ခုခုရှိရမည်ဟု ရင်ထဲတွင် အလိုလိုခံစားမိသွားသည်။

ထို့ကြောင့် အိမ်ရှိရာသို့ လျှောက်သွားလိုက်သည်။

တံခါးပိတ်ထားသည်ကို တွေ့လိုက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com



တံခါးဖျက်ရန်အတွက် ဘေးပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီကြည့်မိသည်။ ထိုအိမ်မှ ကွာကျထားသော အုတ်နီခဲတစ်လုံးအား တွေ့လိုက်ရသည်။

ထို အုတ်နီခဲဖြင့်ပင် တံခါးအား ချိုးဖျက်ပြီး အထဲဝင်လိုက်သည်။

''ဟာ''


မြင်လိုက်ရသောမြင်ကွင်းကြောင့် သူဝမ်းသာသွားသည်။

အရင်တုန်းက Beer Bar တစ်ခုဖြစ်ပုံရသောနေရာအား တွေ့လိုက်ရသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဘီယာပုလင်းများ အစီအရီရှိနေသည်။ အများစုမှာ ပုလင်းအသွတ်များဖြစ်ပြီး မဖွင့်ရသေးသော ဘီယာဆို၍ သုံးလုံးသာတွေ့ရသည်။

သူလည်း ဆာဆာနှင့် သောက်လိုက်ရာ တစ်လုံးနှင့်တစ်ဝက်ကုန်သွား၏။ ထို့နောက် နီးစပ်ရာခုံတွင် ဝင်ထိုင်လိုက်သည်။

ပုလင်းကိုမော့လိုက်၊ ဆိုင်ထဲကိုလျှောက်ကြည့်လိုက်နှင့် ဖြစ်နေသည်။

ဤဆိုင်သည် ဒီမြို့လေး၏တစ်ခုတည်းသော စားသောက်ဆိုင်ဖြစ်ပုံရသည်။

သောက်စရာ ဘီယာတွေပဲတွေ့ရသည်။ စားစရာ တစ်ခုမှမတွေ့ရတော့ချေ…။ သို့သော် ရှိလိုရှိငြား ရှာကြည့်ရန်အတွက် ထိုင်နေရာမှ ထလိုက်သည်။

ပထမဆုံး နံရံကပ် ဘီဒိုကြီးတစ်ခုကို တွေ့ရသည်။

အောက်အဆင့်တွင် ဖန်ခွက်များရှိနေသည်။

အပေါ်ဆုံးအဆင့်ကို မမှီသောကြောင့် ခုံခုပြီး တက်ကြည့်လိုက်သည်။

ဘီစကွတ်တစ်ထုပ်နှင့် အခြား တိုလီမိုလီအစားအစာ အနည်းအသင်းကို တွေ့ရသည်။

ဘီစကွတ်မှာ မကောင်းတော့သော်လည်း ဆာနေသောကြောင့် ချိုတ်မိတ်ပြီး စားလိုက်ရာ တော်တော်များများပင် ကုန်သွားသည်။

ထိုစဉ်….

**အိပ်မက်အသော်**

www.burmeseclassic.com



"အား"

နာနာကျင်ကျင်အော်ငြီးသံကြီးတစ်ခု ကြားလိုက်ရသည်။

သူ ထိတ်လန့်သွားသည်။ ဘယ်ကလာတာလဲ...။

ထို့ကြောင့် ဆိုင်အပြင်သို့ ကမန်းကတန်း ထွက်ကြည့်မိသည်။

သို့သော် ထိုအော်သံကို နောက်ထပ်မကြားရတော့ချေ...။

ဘယ်ကထွက်လာသောအသံမှန်း သူမခန့်မှန်းတတ်...။

သေချာတာ တစ်ခုတော့ရှိသည်။ ဒီမြို့ပျက်တွင် သူ့အပြင် အခြားလူတစ်ဦးရှိနေနိုင်သေးသည်ဟူသော ယူဆချက်ပင်ဖြစ်သည်။

❒



## (၂)

အလင်းပျောက်၍ ညရောက်ခါနီးပြီဖြစ်သည်။ Beer Bar ထဲတွင် ဘယ်လောက်ကြာကြာ ထိုင်နေမိမှန်း သူမသိ...။ ဆိုင်ထဲတွင် အလင်းများပျောက်လာခါမှသာ မှောင်တော့မယ်မှန်း သူသတိထားမိသည်။

ဒီည သူ ဘယ်မှာအိပ်ရမလဲ...။ ဒီမြို့ထဲ၌ သူ့အပြင် အခြားလူတစ်ဦးရှိနေနိုင်သည်ဟူသော ယူဆချက်အတိုင်း ထိုလူကို ထိုက်ရှာရမည်လား...။

အတွေးတို့ ရှုတ်ရှက်ခတ်သွားသည်။

နောက်ဆုံး ဒီ Beer Bar ထဲတွင် အိပ်ရန်မဖြစ်နိုင်သောကြောင့် သင့်တော်သော အိမ်တစ်အိမ်ရှာရန်အတွက် ဆုံးဖြတ်လိုက်သည်။

ပထမဆုံး Beer Bar ဘေးက အိမ်တစ်လုံးကို တွေ့ရသည်။ သို့သော် အိမ်ထဲဝင်ကြည့်သောအခါတွင် ပျက်စီးယိုယွင်းနေပြီး၊ နေစရာများ ညစ်ပတ်စုတ်ပြတ်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မမှောင်ခင် နောက်ထပ် အိမ်တစ်လုံးကို ထပ်ရှာရပြန်သည်။ ဒီတစ်ခါအိမ်ကတော့ မဆိုးလှဟု ထင်မိသည်။

အပြင်ကကြည့်ရုံနှင့်ပင် တော်တော်ကြီး သားနားနေသေးသည်။ နောက်ပြီး အပြင်မှာ မှောင်လည်းမှောင်ခါနီးနေပြီဖြစ်သည်။

အခြားအိမ်များကို ဆက်ရှာရန် အချိန်မရှိတော့ချေ…။

အိမ်တံခါးမှာ သော့မရှိသောကြောင့် အလွယ်တကူပင် အိမ်ထဲသို့ဝင်လို့ရသည်။

အထဲက ပစ္စည်းများနှင့် အနေအထားများကြောင့် သူ အနည်းငယ် တွေဝေသွားသည်။

မည်သို့ဆိုသော် ဖုန်များ၊ အမှုန့်များဖြင့် ပြည့်နှက်နေသော အိမ်အတွင်းပိုင်းကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခပ်ကြာကြာတွေ့ဝေချိန်မရဘဲ 'မီး' ထွန်းရန်အတွက် လိုက်ရှာရပြန်သည်။

ဂတ်စ်မီးဖိုတစ်ခု တွေ့ရသည်။ သို့သော် ဂတ်စ်မရှိတော့ ချေ…။

မီးဖိုခန်းထဲရှိပစ္စည်းများအား လိုက်မွှေကြည့်ပြန်သည်။ စားစရာအနည်းငယ်နှင့် ရေဘူးထဲရှိ ရေအနည်းငယ်သာတွေ့ရသည်။

ထိုသို့ရှာရင်းရှာရင်းနှင့်ပင် တစ်နေရာ၌ ဖယောင်းတိုင် အနည်းငယ်ကိုတွေ့ရပြန်သည်။

ဖယောင်းတိုင်ရှိလျှင် မီးခြစ် (သို့) မီးရနိုင်သောပစ္စည်း တစ်ခုခုရှိနေနိုင်သောကြောင့် ထပ်ရှာမိပြန်သည်။

သူ၏လက်သည် တစ်နေရာရှိအရာတစ်ခုအား သွားစမ်းမိ ပြန်သည်။

အပြင်တွင် အလင်းရောင်မရှိတော့သောကြောင့် အိမ်ထဲတွင် လည်း အလင်းရောင်မရတော့ချေ…။

အိမ်ထဲတွင် သူတစ်ယောက်တည်း စမ်းတဝါးဝါးဖြစ်နေသည်။ ကြာလာတော့ အမှောင်ထဲတွင် အသားကျလာသည်။

ခုနက လက်နှင့်စမ်းမိသော အရာတစ်ခုကို လှမ်းယူလိုက်သည်။ မီးခြစ်နှင့်တူသောအရာဖြစ်သည်။ တူတယ်လို့ပြောဆိုရခြင်းမှာ မီးခြစ်ပုံစံမဟုတ်တဲ့ မီးခြစ်၍ရနိုင်သည်ဟု ယူဆရသောကြောင့်ဖြစ်သည်။

မီးခြစ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးအနည်းငယ်တောက်သွားသောကြောင့် လက်ထဲရှိဖယောင်းတိုင်နှင့် ခပ်မြန်မြန် မီးညှိလိုက်သည်။

''အင်း…အင်း''

ညည်းသံတစ်သံ ကြားလိုက်ရသည်။

သူ ထိတ်လန့်သွားပြန်သည်။ ဒီတစ်ခါကြားရသောညည်းသံသည် သူရောက်ရှိနေသော အိမ်မှထွက်ပေါ်လာခြင်းဖြစ်သည်။

လူတစ်ယောက်လား…။ ဒါမှမဟုတ် အခြားတစ်စုံတစ်ခုဝဲလား…။ မိုးမချုပ်ခင်ကကြားရသော 'အား' ဆိုသည့်အသံက ထိုလူ့ဆီက အော်လိုက်တဲ့အသံလား…။

တွေးရင်းတွေးရင်းနှင့်ပင် ညည်းသံထွက်ပေါ်ရာနေရာသို့ မှန်းဆပြီး လိုက်ရှာမိသည်။ ညည်းသံကလည်း အဆက်မပြတ် ထွက်ပေါ်နေသည်။

''အ…အင်း…ရေ…ရေ''

ဤအိမ်ထဲကအသံဆိုတာ သေချာသွားပြီဖြစ်သည်။

လက်ထဲက ဖယောင်းတိုင်ကို မီးမငြိမ်းအောင်ကာထားရင်း လှေကားမှတဆင့် အပေါ်ထပ်သို့ လှမ်းတက်လိုက်သည်။

ညည်းသံသည် ထိုအပေါ်ထပ်မှ ထွက်ပေါ်နေခြင်းဖြစ်သည်။

အခန်းတစ်ခန်းရှေ့တွင် သူရပ်လိုက်သည်။

ညည်းသံထွက်ပေါ်နေသော အခန်းဖြစ်သည်။

တစ်စက္ကန့်…



နှစ်စက္ကန့်…

သုံးစက္ကန့်… အကြာတွင် အခန်းတံခါးကို ဖွင့်လိုက်သည်။

''ဟင်''

အခန်းထဲတွင် ကောင်မလေးတစ်ယောက် လဲကျနေသည်ကို တွေ့ရသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

(၃)

ရေသောက်ပြီးသောအခါတွင် ထိုကောင်မလေးသည် အနည်းငယ်လန်းဆန်းလာပုံရသည်။

ထထိုင်လာသည်။ ထို့နောက် သူ့အား ရေဗူးပြန်ကမ်းပေးသည်။

"ရှင်က ဘယ်သူလဲ"

"ဗျာ"

ကောင်မလေး၏အမေးကြောင့် သူ့ကိုယ်သူ ပြန်စဉ်းစားမိသည်။

"ဟင့်အင်း...မသိဘူး"

ကောင်မလေးက တအံ့တသြနှင့် ပြန်ကြည့်နေသည်။

"မင်းကရော ဘယ်သူလဲ"

သူကလည်း ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူ့ကို ခဏစိုက်ကြည့်နေသေးသည်။

"ကျွန်မက ဒီမြို့က မဟုတ်ဘူးရှင့်"

သူ ဝမ်းသာသွားသည်။

ဒီမြို့လေးအကြောင်းကို ဒီကောင်မလေး မှတ်မိနိုင်သည်[…] ထင်သောကြောင့်ဖြစ်သည်။

"ဒီမြို့က ဘာဖြစ်သွားတာလဲ မင်းမှတ်မိလား"

ကောင်မလေးက သူ့ကို စိုက်ကြည့်နေပြန်သည်။

"ဟင့်အင်း…လူတွေ ပြေးလွှားနေတာပဲ မှတ်မိတယ်"

"ဘယ်လို"

"ဒီမြို့ကလူတွေ အလုပ်ရှုပ်နေကြတယ်။ ပြေးလွှားနေကြတယ်"

ကောင်မလေးပြောပြသောအဖြစ်အပျက်ကို သူ အသည်[း] အသန်စဉ်းစားကြည့်မိသည်။ မှတ်မိမလားဆိုပြီးတော့ပေါ့…။ စဉ်းစ[ား] လို့မရပြန်။

"နောက်တော့ရော ဘာတွေဆက်ဖြစ်သေးလဲ"

"ဟင့်အင်း…မသိတော့ဘူး။ ဒီအခန်းထဲရောက်လာတာ[…] မှတ်မိတယ်"

သူ စိတ်ညစ်သွားသည်။

ဒီကောင်မလေးဆီကလည်း ဒီမြို့အကြောင်း သဲလွန်စ ပျောက်[…] သွားပြန်ပြီဖြစ်သည်။

"နင့်နာမည်ရော မှတ်မိလား"





"မှတ်မိတယ်၊ ဆုဇန်လို့ခေါ်ပါတယ်။ ရှင့်နာမည်ရော"

"ဟင့်အင်း၊ ကျွန်တော့်နာမည်တောင် မမှတ်မိဘူး"

"ဟာ"

ကောင်မလေးမှာ စိတ်ပျက်သွားပုံရသည်။

ထို့နောက် တစ်ခုခုကို စဉ်းစားမိသွားပြီး။

"နာမည်မရှိလို့တော့ မကောင်းဘူးရှင့်။ ဒီတော့…ရှင် သတိ ရလာတော့ ဘာကို စ,သတိထားမိလဲ"

သူ ခဏလောက် စဉ်းစားလိုက်ပြီး…

"အလင်းရောင်၊ အလင်းရောင်"

"ဟုတ်ပြီ…အလင်းတွေဝေနေတယ်ပေါ့။ ဒီတော့ ရှင့်ကို ကျွန်မက လင်းဝေလို့ခေါ်မယ်။ ဘယ်လိုလဲ"

သူ သဘောတူလိုက်သည်။

လင်းဝေ…။

ကောင်မလေးပေးလိုက်သောနာမည်ကို သူ သဘောကျစွာ ရေရွတ်လိုက်သည်။

"ခင်ဗျားက ခုနလေးကမှ သတိရတာလား"

"ဟုတ်တယ်ရှင့်၊ သတိရရချင်း ရေအရမ်းဆာတာ"

ကောင်မလေးက ပြောရင်း ဆိုရင်း သူ့လက်ထဲမှ ရေဗူးကို လှမ်းယူကာသောက်လိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို လွှန်ခဲ့တဲ့ နှစ်နာရီလောက်တုန်းက 'အား'လို့အော်တာ ခင်ဗျားမဟုတ်ဘူးပေါ့''

ကောင်မလေးက ခေါင်းခါပြသည်။

ပြီးနောက်-

''ဘယ်က အသံလဲ''

ဟု ပြန်မေး၏။

သူကလည်း သူကြားခဲ့သော အသံအကြောင်းကို ပြန်ပြောလိုက်ရသည်။

''ဒါဆို ကျွန်မတို့နှစ်ယောက်အပြင် အခြားလူတစ်ယောက်လည်း ရှိဦးမှာပေါ့''

''အင်း…ရှိလိမ့်မယ်ထင်တယ်''

သူ စိတ်မသက်သာစွာဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

ထို့နောက် ဆူဇန်က ဒီအခန်းထဲမှာပဲအိပ်မည်ဟု ပြောသောကြောင့် သူလည်း အောက်ထပ်သို့ ပြန်ဆင်းခဲ့လိုက်သည်။

အောက်ထပ်သို့အဆင်းတွင် သူ့၌ ဆူဇန်ပေးလိုက်သောနာမည်တစ်လုံးသာပါလာပြီး အခြားအကြောင်းအရာများ (ဒီမြို့အကြောင်း) ဘာမှ ရေရေရာရာမသိခဲ့…။

ပြီးတော့…

'အား' လို့အော်ခဲ့သောသူ…။

သူ အသက်ရှင်နေသေးလား…။





နောက်ပြီး အပေါ်ထပ်၌ကျန်ခဲ့သော ဆူဇန်ဆိုသော ကောင်လေးပြောစကားများကိုလည်း သူ ယုံကြည်ရပါ့မလား…။

ထို့နောက် ဘာမှ စဉ်းစားမရသည့်အဆုံး ဆိုဖာပေါ်သို့ ပစ်နေလိုက်သည်။ ခဏအကြာတွင် မှေးခနဲအိပ်ပျော်သွား၏။

ညတွင်….

❒



www.burmeseclassic.com

www.burmeseclassic.com

## (၄)

လူတွေပြေးသံများ…။ သူလည်း ပြေးနေသည်။ သူ့တစ်ကိုယ်လုံးမှာ ချွေးတွေရွှဲနေ၏။ ပြေးရင်းပြေးရင်း မောဟိုက်လာ၏။

သို့သော် နားလို့လည်းမရ…။ ဘာကြောင့်မှန်းမသိ သူပြေးနေသည်။

ပြေးရင်းပြေးရင်းနှင့်ပင် သူ့ဘေးနားက သူ့လိုပဲ ဖြတ်ပြေးသွားသော လူတစ်ယောက်က လှမ်းမေးသည်။

"ဘာဖြစ်လို့ ပြေးနေတာလဲဗျ"

"အာ…မသိဘူး၊ ခင်ဗျားကရော"

ထိုလူက သူ့ကိုစိတ်ဆိုးစွာနဲ့ကြည့်ပြီး…

"ခြေထောက်ရှိလို့ ပြေးနေတာပေါ့ဗျ"

ဟုပြောပြီး သူ့ကို ကျော်တက်သွားသည်။

သူလည်း ကြောင်တက်တက်နဲ့ ဆက်ပြေးရင်း ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်…

''လင်းဝေ…လင်းဝေ၊ ရေ…ဆာ…တယ်''

ဘယ်ကထွက်လာတဲ့အသံမှန်းမသိ…။

သူပြေးနေသော ပတ်ဝန်းကျင်ကို လိုက်ကြည့်မိသည်။ အားလုံး မှောင်မည်းနေ၏။ ဘာတွေလဲ…။ ဘာတွေလဲ…။

''ခွမ်း''

သူ လန့်နိုးသွားသည်။

သေးနားမှာ သူ့ခြေထောက်နဲ့ကန်မိထား၍ ကျကွဲနေသော ဖန်ပုလင်းအပိုင်းအစများ…။

သူ အိပ်မက် မက်နေခြင်းဖြစ်သည်။

''လင်းဝေ…ရေ…ဆာ…''

အပေါ်ထပ်အခန်းထဲမှ ဆူဇန်အသံကို ကြားလိုက်ရသည်။

အပေါ်ထပ်သို့ ကမန်းကတန်းပြေးတက်သွားလိုက်၏။ အိမ်အတွင်းမှ အလင်းရောင်ကြောင့် အရာရာအားလုံးကို ကောင်းစွာမြင်နေရသည်။

အပြင်မှာ မိုးလင်းနေပြီဖြစ်သည်။

အခန်းထဲရောက်တော့ ဆူဇန်မှာ အိပ်ရာထဲတွင် လဲနေ၏။

''ရေ…ရေ''

သူမ၏နဖူးကိုကိုင်လိုက်သောအခါတွင် ဆူဇန်၏တစ်ကိုယ်လုံးမှာ ခြစ်ခြစ်တောက်ပူနေ၏။





သူ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။

ညကကျန်သောရေမှာလည်း ကုန်နေပြီဖြစ်သည်။

သူမ မျက်လုံးလေးပွင့်လာပြီး…

''လင်းဝေ…ရေ…ရေ''

''ခဏလေး ဆူဇန်၊ ငါ ရေသွားရှာပေးမယ်''

သူမက ခေါင်းကလေးလှုပ်ပြ၏။

ညကထားခဲ့သော ရေပုလင်းကို ကြည့်လိုက်သည်။ ရေပုလင်းဖင်နားတွင် ကပ်နေသော ရေအနည်းငယ်ကို တွေ့ရသောကြောင့် သူမ၏နှုတ်ခမ်းများ စိုစွတ်အောင် လောင်းချလိုက်သည်။

မနေ့က ဒီအိမ်တစ်အိမ်လုံးကိုမွှေထားသောကြောင့် ဒီအိမ်ထဲမှာ ရေမရှိတော့တာကို သူသိသည်။

ထို့ကြောင့် အိမ်အပြင်သို့ ရေရှာရန်အတွက် ထွက်လိုက်သည်။

များပြားလှသော အိမ်များထဲတွင် ဘယ်အိမ်၌ ရေရှိမလဲ…။

မနေ့က မြို့ကိုလျှောက်ကြည့်ခဲ့စဉ် တွေ့ရသော အရာတစ်ခုအား သတိရသွားသည်။

''ရေတွင်းလား မသိဘူး''

သူ့စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားပြီး ထိုနေရာသို့ သွားပြန်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လက်ထဲတွင် ရေဗူးကိုကိုင်ကာ မနေ့ကတွေ့ခဲ့သော နေရာသို့ ထွက်ခဲ့လိုက်သည်။


သူနေသောနေရာနှင့် ငါးအိမ်ကျော်ကျော်လောက်တွင် ရှိပေမည်။

သူ ပြေးသွားလိုက်သည်။

မျက်လုံးထဲတွင် လဲကျနေသော ကောင်မလေးကို မြင်ယောင်လာသည်။

လင်းဝေ၏ပြေးနှုန်းများသည် သာမန်ထက် ပို၍ပြေးနေမိသည်။

ခဏအကြာတွင် ထိုနေရာသို့ ရောက်သွား၏။



www.burmeseclassic.com



အနီးကပ်ကြည့်မှ ရေတွင်းသေးသေးလေးဖြစ်ကြောင်း တွေ့ရသည်။ ရေတွင်းအပေါ်မှ တစ်စုံတစ်ခုနှင့် ဖုံးအုပ်ထားသောကြောင့် နေ့ကသေချာမမြင်ခဲ့ခြင်းဖြစ်သည်။

အဖုံးကိုဖွင့်လိုက်ပြီးနောက် ရှိနေသောကြိုးဖြင့် ရေတွင်းထဲမှ ရေခပ်ကာ ရေဗူးထဲထည့်လိုက်သည်။ ထို့နောက် ရေဗူးအဖုံးကို ပြန်ပိတ်လိုက်ပြီး အိမ်သို့ခပ်မြန်မြန် ပြန်ပြေးလိုက်သည်။

တစ်အိမ်....

နှစ်အိမ်....

သုံးအိမ်....

..........

သူနေသော အိမ်ရောက်သောအခါ အပေါ်ထပ်သို့ပြေးတက်ပြီး အခန်းတံခါးအား ဖွင့်လိုက်သည်။

''ဟင်''

ကောင်မလေးကို မတွေ့ရတော့ချေ...။

ဘယ်ရောက်သွားလဲ...။ ကောင်မလေး ဘယ်ရောက်သွားလဲ...။ အောက်ထပ်များ ဆင်းသွားလားဆိုပြီး ပြန်ဆင်းရှာသည်။

မတွေ့...။ သူ စိုးရိမ်ပူပန်သွားသည်။

အခန်းထဲမှ သူ အမှတ်တမဲ့မြင်လိုက်ရသောအရာတစ်ခုကို သွားသတိရလိုက်သည်။ အပေါ်ထပ်သို့ ပြေးတက်လိုက်ပြန်၏။

www.burmeseclassic.com



ကောင်မလေးအခန်းထဲသို့ပြန်ဝင်ကာ ခုနက သူတွေ့ခဲ့သော အရာလေးအား ကောက်ယူလိုက်သည်။

ထိုစဉ်…

"အား"

ဟူသော အသံကျယ်ကြီးကို ကြားလိုက်ရသည်။

ထိုအသံကိုကြားတိုင်း သူ့ရင်သည် တုန်တုန်ပြီးတက်သွား သည်။

အခုလည်း ထိုအသံကြားသောအခါ တစ်မျိုးကြီးဖြစ်သွား သည်။

အောက်ထပ်သို့ ကမန်းကတန်းပြေးဆင်းလိုက်ပြီး အိမ်အပြ သို့ပြေးထွက်လိုက်သည်။

❐



(၅)

ထိုအသံထွက်လာရာနေရာသည် ခုနက ရေတွင်းနေရာနှင့် သိပ်မဝေးဟု လင်းဝေ ခန့်မှန်းလိုက်သည်။

သူ၏ခြေလှမ်းများက ရေတွင်းဆီသို့ ခပ်မြန်မြန် ပြေးသွားမိ ပြန်သည်။

ရေတွင်းနားရောက်သောအခါတွင် အိမ်သုံးလေးအိမ် တွေ့ရ ပြန်သည်။

လက်ထဲကျွ ကိုင်လာသောအရာကိုလည်း တစ်ချက်ကြည့် လိုက်သည်။

ထို့နောက် စဉ်းစားမနေတော့ဘဲ နီးစပ်ရာအိမ်တစ်အိမ်သို့ ဝင်လိုက်သည်။

ဝင်ဝင်ချင်းပင် သူလိုချင်သောအရာကို မတွေ့ရသောကြောင့် ဒီအိမ်မဟုတ်ဟု အလိုလိုစိတ်စားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ာက်တစ်အိမ် ဝင်လိုက်ပြန်သည်။

ငံသောအရာမရှိချေ…။

အိမ်ကို ဝင်လိုက်သည်။

ဘွင်


ဲခုံအဟောင်းတစ်ခုကို တွေ

ား‌အခန်းထဲမှ တွေ့ရသော

က်သည်။

ိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com



''ဆူဇန်····ဆူဇန်''

သူ့အော်ခေါ်သံသည် အိမ်ကြီးထဲတွင် ပဲ့တင်ထွက်သွားသည်။

ပြန်ထူးသံမကြားရ···။

ထပ်ခေါ်ကြည့်ပြန်သည်။

ဤတစ်ခါတွင် အသံတိုးတိုးလေး ကြားရသည်။

''လင်း···ဝေ''

ပထမတော့ ထိုအသံသည် ဘယ်ကထွက်လာမှန်း သူ မသိ···။

အိမ်အကျယ်ကြီးထဲတွင် သူမ၏အသံသည် တိုးတိတ်လွန်းသည်။

''လင်း···ဝေ''

''ဆူဇန်''

ဆူဇန်၏အသံသည် သူ၏ခပ်လှမ်းလှမ်းတွင်ရှိသော အခန်းမှထွက်လာခြင်းဖြစ်သည်ဟု လင်းဝေ ခန့်မှန်းမိသည်။

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

သံတုတ်တစ်ချောင်းကို တွေ့ရသည်။ ဘီလီယက်ဘောလုံးရေဗူးကို ဘေးနားက ခုံပေါ်တွင်ချလိုက်ပြီး သံတုတ်ကိုကောက်ကာ ဆူဇန်ရှိရာဟု ခန့်မှန်းရသော အခန်းနားသို့ တိုးကပ်သွားလိုက်သည်။

''ဆူဇန်''



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခေါ်လိုက်သည်။ ပြန်ထူးသံ မကြားရချေ…။

ထို့ကြောင့် တံခါးကို…

"ဝုန်း"

ကန်ဆောင့်ကန်လိုက်ပြီး အထဲသို့ဝင်လိုက်၏။

ဆူဇန်၏ဘေးတွင် လူတစ်ဦးသည် သူ့ဘက်ကို ကျောပေး ထိုင်နေသည်ကို တွေ့ရသည်။

"ဟေ့လူ…ခင်ဗျား ဘာလုပ်နေတာလဲ"

လင်းဝေက သံတုတ်ကြီးကိုချိန်ထားရင်း လှမ်းမေးလိုက် သည်။

ထိုသူက ဆူဇန်၏လက်ကောက်ဝတ်ကို ကိုင်ထားသော လက်အား ဖြုတ်လိုက်ရင်း လင်းဝေဘက်သို့ တဖြည်းဖြည်းချင်း လှည့် လိုက်သည်။

"ဟို"

+++++……+++++

လင်းဝေ ထိတ်လန့်သွားသည်။ ထိုလူ၏မျက်နှာသည် ရုပ်ဆိုး ဆိုးသောကြောင့်ဖြစ်သည်။

❒



(၆)

"ခင်ဗျား ဘယ်သူလဲ…ဆူဇန်ကို ဘာဖြစ်လို့ခေါ်လာတာ လဲ"

လင်းဝေသည် ထိုသူ၏မျက်နှာအား သံတုတ်ဖြင့်ချိန်ထားရင်း မေးလိုက်သည်။

ထိုလူ၏မျက်နှာမှာ အနည်းငယ်တည်ငြိမ်နေသည်။

"ကျွန်တော် ခင်ဗျားတို့ရဲ့ရန်သူမဟုတ်ပါဘူး။ ကျွန်တော်က ဆရာဝန်တစ်ယောက်ပါ"

"ဘာ…ဆရာဝန် ဟုတ်လား"

"ဟုတ်…ဟုတ်ပါတယ်"

ထိုလူကလည်း လင်းဝေကိုကြည့်ပြီး ကြောက်ကြောက်လန့် လန့် ပြန်ဖြေသည်။ လင်းဝေ တစ်ချက်တွေဝေသွားသည်။

ထိုလူ၏မျက်နှာမှာ ဆရာဝန်ရုပ်နှင့် မတူချေ…။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်တို့အိမ်ထဲဝင်လာပြီး ဆူဇန်ကို ဒီခေါ်လာရတာလဲ"

ထိုလူက အနည်းငယ် သက်ပြင်းချလိုက်ပြီး...

"ကျွန်တော် လိုအပ်တဲ့ပစ္စည်းတစ်ခု လိုက်ရှာရင်း အိမ်ထဲ ရောက်မိတာပါ။ အဲဒီမှာ ဒီကကောင်မလေး နေမကောင်းဖြစ်နေတာ တွေ့လို့ ကုပေးလို့ရအောင်ဆိုပြီး ခေါ်လာတာပါ"

ထိုလူက ဆူဇန့်ဘေးတွင်ရှိသော ဆေးထိုးပိုက်နှင့် ဆေးအချို့ ကို လက်ညှိုးထိုးပြသည်။

ဆူဇန့်ကို သူတစ်ချက်ကြည့်လိုက်သည်။ ဆူဇန်မှာ အိပ် ပျော်နေပုံရသည်။

"ဒါဆို...ခင်ဗျားက တကယ့်ဆရာဝန်ပေါ့"

"ဟုတ်ပါတယ်"

သူမျက်နှာကို ချိန်ထားသော သံတုတ်ကိုချလိုက်ပြီး ဆူဇန့် ဘေးနားတွင် ဝင်ထိုင်လိုက်သည်။

ဆူဇန်မှာ အိပ်မောကျနေဆဲဖြစ်သည်။ ခုနက သူ့နာမည် ခေါ်တာကလည်း ကယောင်ကတမ်း ပြောခြင်းဖြစ်ပုံရသည်။

လင်းဇေက ဆရာဝန်ဆိုသည့်လူကို တစ်ချက်ကြည့်လိုက်သည်။

ဆူဇန့်ဘေးနားတွင်ချထားသော ဆေးပုလင်းများအား သိမ်း နေသည်ကို တွေ့ရသည်။

သူ သက်ပြင်းချလိုက်သည်။



ဘာမှန်းမသိသော ဒီမြို့လေး၀

တွေ့ရပြန်ပြီ...။

ဒီဆရာဝန်ကတော့ ဒီမြို့လေးကို

ည်။

ထို့နောက် ခုံပေါ်တင်ထားခဲ့သော

အခန်းအပြင်သို့ထွက်ယူကာ အခန်းထဲ

"နာမည် ဘယ်လိုခေါ်လဲ ဒေါက်

ဆေးပုလင်းတွေသိမ်းနေရင်းမှ ဆ

ည်။

ဒီအခန်းသည် သူ နေသားကျနေသော

ဆေးပုလင်းများ၊ စာအုပ်များနှင့် ဆရာဝန်ပစ္စည်း

ကြောင့်ဖြစ်သည်။

"ကွန်းထင်လို့ခေါ်ပါတယ်"

ဘီဒိုထဲသို့ ဆေးပုလင်းများ စီပြီးထည့်လို

သူက ဆူဇန့်ဘေးတွင် ဝင်ထိုင်လိုက်ပြီး ဘေ

သာ ရေဗူးကို ကောက်ကိုင်လိုက်သည်။

"ဒေါက်တာက ဒီမြို့ကပဲလား"

"မဟုတ်ပါဘူး"

ဆေးများထည့်နေသော ဒေါက်တာကိုကြည့်ရင်းနဲ့

ရေဗူးကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါဆို ဒီမြို့ကို ဘာလာလုပ်တာလဲ"

ရေဗူးထဲကရေကိုသောက်ရန်အတွက် ရေဗူးကို ပါးစပ်နား သို့တေ့လိုက်သည်။

"မသောက်နဲ့"

အသံနှင့်အတူ ဆရာဝန်၏ခြေထောက်သည် သူ့နှုတ်ခမ်းနား တွင် ရောက်နေသောရေဗူးကို လှမ်းကန်လိုက်သည်။

ရေဗူးသည် အဝေးသို့ လွင့်ထွက်သွား၏။

လင်းဝေ ကြောင်ပြီးကြည့်နေသည်။

ဆရာဝန်ကလည်း လွင့်ထွက်သွားသောရေဗူးကို စိုက်ကြည့် နေ၏။

လင်းဝေလည်း ဆရာဝန်ကြည့်ရာနေရာသို့ ကြည့်လိုက် သည်။

❒



(၇)

ဆရာဝန်က သူ့ကိုလှမ်းကြည့်နေသည်။ သူကလည်း မတ်တပ် ရပ်ပြီး ထိတ်လန့်နေသော ဆရာဝန်ပုံစံကိုကြည့်ပြီး အံ့သြနေမိသည်။

အချိန်အတော်ကြာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြချေ…။

"ဘာ…ဘာဖြစ်လို့လဲ ဒေါက်တာ"

ဆရာဝန်၏ပုံစံကိုကြည့်ပြီး လင်းဝေလည်းတုန်လှုပ်နေပြီဖြစ်သည်။

လဲကျသွားသောရေဗူးကိုကြည့်လိုက်၊ ဆရာဝန်မျက်နှာကို ကြည့်လိုက်နှင့် နားမလည်နိုင်အောင် ဖြစ်နေသည်။

"ခင်ဗျား…သူ့ကို ဒီဗူးထဲကရေတွေ တိုက်ထားသေးလား"

ဆရာဝန်က ဆူဇန်ကို လက်ညှိုးထိုးပြီး မေးသည်။

"ဟင့်အင်း…အခုမှ ကျွန်တော်ယူလာတာ"

"ခင်ဗျားရော သောက်မိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဗူးထဲကရေတွေတော့ မသောက်မိဘူး…။ ဟိုအိမ်ထဲက တွေ့တဲ့ရေဗူးထဲက ရေတွေတော့သောက်မိတယ်"

ဆရာဝန်က လင်းဝေစကားကိုငြိမ်ပြီး နားထောင်နေသည်။

"ရေတွေက ဒီနားရေတွင်းလေးထဲက ရေတွေလား"

သူ ခေါင်းညိတ်ပြလိုက်သည်။

ဆရာဝန်က ဆေးဘီဒိုကိုမှီချရင်း ကြမ်းပြင်ပေါ်၌ ထိုင်ချလိုက်သည်။

ဆရာဝန်၏မျက်နှာတွင် ထိတ်လန့်ခြင်း၊ စိတ်ဓာတ်ကျခြင်းစသည်တို့ဖြင့် ရောထွေးနေပုံရသည်။

လင်းဝေလည်း ဘာမှနားမလည်နိုင်တော့ဘဲ ဆရာဝန်အား ကြည့်လိုက်ပြီး…

"ဒီမြို့လေးက ဘာတွေဖြစ်နေတာလဲ ဒေါက်တာ၊ သိရင် ကျွန်တော့်ကို ပြောပြပါလား"

ဆရာဝန်က သူ့ကိုတစ်ချက်ကြည့်သည်။

"မင်းက ဒီမြို့က မဟုတ်ဘူးလား"

"အဲဒါလည်း ကျွန်တော် မသိဘူး ဒေါက်တာ"

လင်းဝေက သူသတိရလာပုံ၊ ကောင်မလေးနှင့်တွေ့ပုံ၊ ကောင်မလေးက သူ့အား 'လင်းဝေ' လို့ နာမည်ပေးထားပုံများအား ပြောပြလိုက်သည်။

ဆရာဝန်က သက်ပြင်းအရင်ချသည်။





"ကျွန်တော်က ဒီမြို့ကို သုတေသနကိစ္စတစ်ခုနဲ့ ရောက်လာတာပါ"

သူ ငြိမ်ပြီးနားထောင်နေလိုက်သည်။

ထိုစဉ်…

"အား"

"အား"

"အား"

သူ ကြားနေကျအော်သံများကို ကြားလိုက်ရသည်။ ဒီတစ်ခါ ကြားရသောအသံမှာ အရင်ကလို တစ်ခါတည်းမဟုတ်။ သုံးလေးခါ ဆောက် ထပ်ကြားရသည်။

ထိုအသံကိုကြားလိုက်ရသောအခါတွင် ဆရာဝန်သည် သူ့ ရှေ့မှ ပြေးထွက်သွားပြီး တံခါးမကြီးအား သေချာစွာပိတ်လိုက်ပြီး ကုလားထိုင်ကြီးတစ်ခုအားလည်း တံခါးဝတွင် ပိတ်ဆို့လိုက်သည်။

လင်းဝေမှာ ဆရာဝန်၏အပြုအမူကို နားမလည်နိုင်ဘဲရှိနေသည်။

ခုနက အော်သံသည် ဒီအိမ်ထဲက ထွက်လာသည်ဟု ထင်မိခဲ့သည်။ သို့သော် ယခုတော့ ထိုသို့မဟုတ်…။ ဒီအိမ်နှင့် ခပ်လှမ်းလှမ်းမှ ကြားရသောအသံဖြစ်နေသည်။

ဆရာဝန်သည် တံခါးအား ခုံနှင့်ထပ်ပိတ်လိုက်ပြီးနောက် လင်းဝေရှိရာသို့ ပြန်လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်နှာသည် လွန်စွာ ထိတ်လန့်နေပုံပေါက်သည်။

''အဲ့ဒါ…ဘာအော်သံကြီးလဲ ဒေါက်တာ''

ဆရာဝန်က အသက်ကို ပုံမှန်ရှူရင်း သူ့ဘေးနားမှာ ဝင်ထိုင်ကာ…

''ကျွန်တော် ဒီမြို့မှာ ဘာသုတေသန လာလုပ်ရတာလဲ သိလား''

ဟု ပြန်မေး၏။

''ဟင့်အင်း…မသိဘူး''

''ဒီမြို့လေးမှာ ဖြစ်ပွားတဲ့ အရမ်းလည်းကြောက်ဖို့ကောင်းတဲ့ ရောဂါတစ်ခုကို လာပြီးသုတေသနပြုရတာပါ''

''ဗျာ''

❒



(၈)

''လွန်ခဲ့တဲ့ တစ်လလောက်က ဒီမြို့ခံတစ်ဦးရဲ့ကိုယ်ပေါ်မှာ အနီစက်တွေ ထွက်လာခဲ့တယ်''

''အင်း''

''တစ်ရက်၊ နှစ်ရက်ကြာတော့ သူ့ရဲ့မျက်လုံးတွေဟာ နီရဲတွတ်လာပြီး နာကျင်လို့ ခဏခဏအော်ပြီး လူတွေကိုလည်း ရန်ရှာလာလေ့ရှိတယ်''

''…………''

''ပထမတော့ သိပ်သတိမထားမိဘူး၊ နောက်မှ အဲဒီလူကနေ တစ်ဆင့် တစ်ဆင့်ကူးလာတော့မှ အားလုံးသတိထားမိတယ်''

သူ သက်ပြင်းချလိုက်သည်။

**ဘေးနားမှာ အိပ်ပျော်နေသော ဆူစန်ကိုလည်း [illegible] ကြည့်လိုက်သည်။**



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က သူ့စကားကို ဆက်ပြော၏။

"ထူးခြားတာက အဲဒီရောဂါရှိတဲ့လူတွေက ရေအရမ်းဆာတာပဲ။ လူတွေ့ရင်လည်း ရေပဲတောင်းသောက်တယ်"

"အဲဒီရောဂါက ဘယ်လိုကူးစက်တာလဲ"

"ရောဂါရှင်နဲ့ ထိတွေ့ရင်သော်လည်းကောင်း၊ ဒါမှမဟုတ် သူနဲ့ သုံးဆောင်ပတ်သည်လောက်မှာနေရင်သော်လည်းကောင်း ရောဂါကူးခံရတယ်။ ပြီးတော့"

"ဟုတ်ကဲ့"

"ရောဂါပိုးဝါဝင်တဲ့ရေကို သောက်မိရင်လည်း ဖြစ်တယ်"

အခန်းထောင့်တွင် လဲကျနေသောရေဗူးကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ဆရာဝန်က…

"ဒီရောဂါရဲ့ အဓိကလာရာလမ်းကြောင်းက ရေပဲကွ"

"ရေတွင်းထဲက ရေကိုပြောတာလား"

"ဟုတ်တယ်"

"ဘယ်လို စဖြစ်တာလဲဗျ"

"ဒီမြို့လေးက သတ္တုလုပ်ငန်းတွေ၊ အခြားဓာတုဗေဒပစ္စည်းလုပ်ငန်းတွေ အလုပ်များတဲ့မြို့ဆိုတော့ Chemical ပစ္စည်းတွေသုံးတဲ့မြို့ဖြစ်နေတယ်။ ဒီတော့ ရေတွေထဲမှာ ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်တွေ ဝင်လာတယ်လို့တော့ ယူဆရတာပဲ"

"ဒီရောဂါကို ပျောက်တဲ့ဆေး မရှိသေးဘူးလား"





"ဟင့်အ ႊး မရှိသေးဘူး။ ဒါပေမယ့်"

ဆရာဝန်က စကားကို ခဏရပ်ထားသောကြောင့်…

"ဘာဖြစ်လဲ ဒေါက်တာ"

"ရောဂါရှိတဲ့လူဟာ သုံးရက်အတွင်း ရောဂါလက္ခဏာပြတယ်။ သုံးရက်မှာ ရောဂါစဖြစ်တယ်ဆိုပါတော့"

"အင်း"

"ဒါပေမယ့် ရောဂါရှိတဲ့လူနဲ့ ထိတွေ့ခဲ့ရပြီလို့ သံသယရှိတဲ့လူကို သုံးရက်အတွင်းမဟုတ်ဘဲ တစ်ပတ်တိတိ ရောဂါမဖြစ်သေးဘဲ ခံနိုင်ရည်ရှိတဲ့ဆေးပဲ ရှိသေးတယ်"

"ဘယ်လို ကျွန်တော် နားမလည်ဘူး. ဒေါက်တာ"

"သုံးရက်အတွင်း ရောဂါမဖြစ်ဘဲ တစ်ပတ်နေမှ ရောဂါဖြစ်အောင် ခဏဆိုင်းထားတဲ့ဆေးလို့ပြောရမှာပဲ။ ဒါပေမယ့် အဲဒီ ခုနစ်ရက်ပြည့်ရင် ဆေးက အာနိသင်မရှိတော့ဘူး"

"ဟူး မလွယ်ပါလား"

တကယ်လည်း သူစိတ်ဓာတ်ကျသွားသည်။

"ဒါကြောင့် ဒီမြို့ကလူတွေက ရောဂါဖြစ်တဲ့လူတွေကို ထားခဲ့ပြီး ဒီမြို့လေးကို စွန့်ပစ်သွားတာပေါ့"

"ဒေါက်တာကရော ဘာဖြစ်လို့နေခဲ့တာလဲ"

ဆရာဝန်က သူ့ကို တစ်ချက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့ကို ကျွန်တော်ရယ်၊ အခြား ဆရာဝန်နှစ်ယောက်ရယ် ဟာ ဒီရောဂါရဲ့ဆေးကို သုတေသနပြုဖို့ရောက်လာခဲ့တယ်။ ဒါပေမယ့် ဆေးကိုမဖော်နိုင်ခင် ရောဂါက ပိုဆိုးလာတဲ့အတွက် ကျွန်တော့်အဖော် ဆရာဝန်နှစ်ယောက်က ဒီမြို့ကနေ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ဒီမှာပဲနေမယ်လို့ ပြန်ပြောလိုက်တယ်။ သူတို့က အတင်းခေါ်ပါသေးတယ်။ ဒါပေမယ့် ကျွန်တော်က ဒီရောဂါ ကို အထူးစိတ်ဝင်စားနေတော့ နေခဲ့လိုက်တယ်"

ဒီမြို့လေးအကြောင်းကို သူသိသွားပြီဖြစ်သည်။

သို့သော် သူ ဘယ်သူလဲဆိုတာ သူ မသိသေး...။

ဒီမြို့လေးထဲမှာလည်း သူမနေချင်တော့...။ ထို့ကြောင့်...

"ဒီမြို့လေးနဲ့ အနီးဆုံးမြို့က ဘယ်မြို့လဲဗျ"

"တော်တော်လေး ဝေးပါတယ်။ ကားနဲ့သွားတာတောင် တော်တော်လေး မောင်းရပါတယ်"

"ကျွန်တော် သွားချင်တယ်"

"မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

ဆရာဝန်က မတ်တပ်ရပ်လိုက်သည်။ ထို့နောက် ဘီဒိုဆီသို့ လျှောက်သွားလိုက်ပြီး စာရွက်နှင့်ဘောလ်ပင်တစ်ချောင်း ယူလာ

"တစ်အချက်အနေနဲ့ပြောရရင် ကျွန်တော်တို့ အခုရောက်နေ တာ မြို့လယ်ခေါင်ဗျ"





"အင်း"

"ပြီးတော့ ရောဂါဖြစ်တဲ့လူတွေက ကျွန်တော်တို့ပတ်ပတ်လည်မှာ ဘယ်နှစ်ယောက်တောင်ရှိမှန်းမသိဘူး"

"............"

"ကျွန်တော်တို့ အခုရောက်နေတဲ့ အိမ်ပတ်လည်နားမှာပဲ ရောဂါသည်မရှိတာ။ ဒါတောင် သိပ်မသေချာဘူး။ ရောက်ချင်လည်း ရောက်လာနိုင်တယ်"

ဟုဆိုပြီး စက္ကူပေါ်တွင် တစ်စုံတစ်ခုရေးဆွဲလိုက်ပြီး သူ့အား လှမ်းပြသည်။


"အခု ကျွန်တော်တို့က ဒီပုံထဲကအတိုင်းဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com










"ဒါဆို ကျွန်တော်တို့က ဒီအတိုင်းထိုင်နေရတော့မှာလား"

သူ့စကားကြောင့် ဆရာဝန်က ခေါင်းခါပြသည်။

"မင်းက ဒီမြို့ကနေ ထွက်ခွာချင်ရင်တော့ ကြိုးစားရမှာပဲ။ ရောဂါရတဲ့လူတွေအားလုံးဟာ နေ့ရောညပါ မအိပ်ကြတဲ့အတွက် နေ့ရောညပါရှိနေနိုင်တယ်"

လင်းဝေ တစ်စုံတစ်ခုကို သတိရသွားပြီး…

"သူတို့က လူလို အသိစိတ်ကော ရှိကြရဲ့လား"

ဆရာဝန်က ခေါင်းခါပြပြန်သည်။

ထိုစဉ် သူတို့ဘေးနားတွင် အိပ်နေသော ဆူဇန်၏ လူးလွန့်သံကို ကြားလိုက်ရသည်။

သို့သော် ပြန်လည်အိပ်ပျော်သွား၏။

"ကိုယ် ဒီကောင်မလေးကို သိပ်မသင်္ကာဘူး"

ဆရာဝန့်စကားကြောင့် သူထိတ်လန့်သွားပြီး…

"ဗျာ…ဘာဖြစ်လို့လဲ"

"သူ့ကို စတွေ့တုန်းက သတိလစ်နေတဲ့အတွက် ဒီကိုခေါ်လာခဲ့တာပါ။ ဒီကိုရောက်လာမှ ရောဂါရှိလိမ့်မယ်လို့ သံသယရှိလာတယ်"

"ဟင်…ဒါဆို ဘယ်လိုလုပ်မလဲ ဒေါက်တာ"

"မသေတော့ မသေချာသေးပါဘူး"

"ဟို…ဒေါက်တာပြောတဲ့ ဆေးထိုးပေးထားရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဒေါက်တာ၏မျက်နှာမှာစိတ်ပျက်သွားပုံရသည်

''ကိုယ်က ဒီအိမ်ကို တစ်နေ့ကမှ ပြောင်းလာတာ။ အရင် နေတဲ့နေရာနားမှာ ရောဂါသည်တွေရောက်လာလို့ မနည်းပြေးခဲ့ရတာ ဒီတော့ အဲဒီအိမ်မှာ ဆေးတစ်ချို့ကျန်ခဲ့တယ်''

ဆရာဝန်စကားကြောင့် သူလည်း စိတ်ပျက်သွားသည်။

ဒီကောင်မလေး ရောဂါကူးစက်ခံရပြီဆိုပါက သူတို့ရေ...။ ဆက်မတွေးချင်တော့...။

''တစ်ခုမေးချင်တယ် ဒေါက်တာ''

''မေးလေ''

''ဒီမြို့ကို လူတွေစွန့်ပစ်သွားတာ ဘယ်နှစ်ရက်ရှိပြီလဲ''

''တစ်ပတ်လောက်ပဲရှိသေးတယ်''

''ဟင်...တစ်ချို့အိမ်တွေက နှစ်ပေါင်းများစွာ စွန့်ပစ်ထား အတိုင်းပဲ၊ ဖုန်တွေတောင် တက်နေတယ်''

''ဒါက ဒီလိုပါ။ ဒီမြို့က လူတွေက ဒီကနေမစွန့်ခွာ သူတို့ရဲ့ သစ္စာတွင်းတွေကို မိုင်းတွေနဲ့ ခွဲခဲ့ကြတယ်။ ဒီတော့ ဖု တွေက မြို့ထဲကို လိမ့်ဝင်လာတော့တာပေါ့''

''ဪ''

ခဏ တိတ်ဆိတ်သွားပြန်သည်။

ထိုအချိန်လေးမှာပဲ အပြင်ကအော်သံများကိုလည်း ဆက်က ဆက်ကာ ကြားနေရသည်။





အသံများမှာ သူတို့ခပ်ဝေးဝေးမှလာနေခြင်းဖြစ်သည်။

''ဒေါက်တာ ဒီမှာ. ဘယ်လို နေထိုင်စားသောက်နေလဲ''

ဒါက သူ အရမ်းသိချင်နေသောအချက်ဖြစ်သည်။ သူတောင် တစ်နေ့တာ အစားအသောက်အတွက် တော်တော်လေး အခက်အခဲ တွေ့ရသေးသည်။

''ကိုယ်လည်း ဒီမြို့မှာ တစ်လပဲနေမှာပါ။ တစ်လကြာလို့မှ ဆေးအတွက် တစ်စုံတစ်ရာ အကြောင်းအရာ မရခဲ့ရင် ဒီမြို့ကို စွန့် ခွာဖို့ နဂိုကတည်းက ဆုံးဖြတ်ထားပါတယ်''

''ဟုတ်ကဲ့''

''အဲဒီတော့...ကိုယ့်ဆီမှာ တစ်လစာအတွက် ရိက္ခာကို မြို့သူမြို့သားတွေဆီက ယူထားပါတယ်''

ဟုဆိုပြီး အနီးအနားရှိ အိတ်ထဲမှ ရိက္ခာများကိုပြသည်။

''ရေကရော ဒေါက်တာ''

''ရောဂါပိုးကင်းရှင်းတဲ့ရေကတော့ ဒီမှာ အရှားပါးဆုံးပဲ။ ကိုယ်တို့အဖွဲ့ ဒီကိုလာတော့ ရေသန့်တွေ တော်တော်များများ သယ် လာခဲ့ကြတယ်။ အခု အဲဒါကို ချွေတာသုံးနေတာပေါ့''

''ဒီမှာရှိတဲ့ရေကို ကျိုပြီးသောက်ရင်ရော မရဘူးလား''

''ရပါတယ်။ ဒါပေမယ့် မသေချာပါဘူး''

သူ သက်ပြင်းရှည်ကြီးတစ်ခု ချလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ထိ သူ့ခေါင်းထဲမှာ အဖြေတစ်ခုမှမရသေး…။ ဒီမြို့ကထွက်ခွာဖို့နှင့် သူဘယ်သူလဲဆိုတာကိုပေါ့…။

"ဒေါက်တာက ကျွန်တော့်ကိုတွေ့တော့ ရောဂါသည်မဟုတ်မှန်း တန်းသိတယ်နော်"

"သိတာပေါ့။ မင်းပုံစံက ရောဂါသည်တွေရဲ့ လက္ခဏာပုံစံမှ မဟုတ်တာ"

ထိုစဉ် ဆူဇန်မှာနိုးလာပြီး "ရေ…ရေ" ဟုတောင်းသောက်သည်။ ဆရာဝန်က သူ့ရေထားရာနေရာမှ ရေတစ်ဖူးအားယူပြီး အနည်းငယ်တိုက်လိုက်သည်။

"သူက ရေပဲတောင်းသောက်နေတော့ ဟိုရောဂါများ ဖြစ်နေမလားမသိဘူး"

သူက စိုးရိမ်တကြီးနှင့် ဝင်ပြောသည်။

"မပြောတတ်သေးဘူး။ နောက်ထပ် တစ်ရက် နှစ်ရက်နေလို့မှ အဖုလေးတွေတွေ့ရင်တော့ သူ့ကိုထားခဲ့ရတော့မှာပဲ"

ဤတွင် လင်းဝေမှာ တစ်စုံတစ်ခုသတိရသွားပြီး…

"ဒေါက်တာ"

"ပြောလေ"

"သူ့ကို ဟိုဆေးထိုးပေးထားရင် မကောင်းဘူးလား"

"အခု ဒီမှာမှ မရှိတာ"





"ဒေါက်တာ အရင်နေခဲ့တဲ့ အိမ်မှာရှိတယ်ဆို"

"အင်း…ဒါပေမယ့်"

"ကျွန်တော် သွားယူပေးမယ်လေ ဒေါက်တာ"

ဆရာဝန်က သူ့ကို တအံ့တသြကြည့်နေပြီး…

"မလွယ်ဘူးနော်။ ရောဂါသည်က ခင်ဗျားရဲ့နားကို သုံးပေပတ် ည်အတွင်းရောက်လာရင် ရောဂါကူးပြီနော်" ဟု သတိပေးသည်။

"ဒါနဲ့ ဒီရောဂါရဲ့ ဆေးအခြေအနေကရော ဆရာ"

"နီးစပ်နေပါပြီ။ ဒါပေမယ့် ကွင်းဆက်လေးတစ်ခု ပျောက်နေ ယ်။ နောက်ပြီး ကျွန်တော့်ရဲ့ သုတေသနသုံးပစ္စည်းလေးတစ်ခုက ောက်နေတယ်"

"ဒီမှာလား ဒေါက်တာ"

"ဒီမှာဆိုရင်တော့ ပြန်တွေ့မှာပါ။ ကိုယ့်အထင် အရင်နေရာ ကျန်ခဲ့မယ်ထင်တယ်"

"ဒါဆို ကျွန်တော့်ကို ပြောပြလိုက်ပါဆရာ။ ကျွန်တော် ယူလာခဲ့ပါ့မယ်"

"အာ…မသွားပါနဲ့"

လင်းဝေက ဆရာဝန်ကို အတင်းတောင်းဆိုတော့သည်။

ကောင်မလေးကို လင်းဝေက တစ်ချက်ကြည့်လိုက်သည်။ ော်င်းသော အသားအရည်နှင့် သွယ်တန်းနေသောနုတံလေး…။



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေး ရောဂါဖြစ်ရင်ဆိုတဲ့အတွေးက သူ့ခေါင်းထဲ ဝင်ဝင်လာနေသည်။ ပြီးတော့ ဆရာဝန်ရဲ့လိုအပ်တဲ့ပစ္စည်း…။

နောက်ဆုံးတွင်…

လင်းဝေ၏တောင်းဆိုချက်ကြောင့် ဆရာဝန်လက်လျှော့လိုက်သည်။

သူလိုချင်သော ဆေးပုံစံ၊ ပစ္စည်းပုံစံနှင့် သူအရင်က နေခဲ့သောနေရာကို မြေပုံဆွဲပြလိုက်၏။

"အကယ်၍များ လူတစ်ယောက်ကို ဖူတ်ခနဲတွေ့တာနဲ့ မင်းပြေးပေတော့"

"ဟုတ်ကဲ့"

"ပြီးတော့ အခုသွားမယ့်အိမ်မှာ ထင်းပုံကြီးတစ်ပုံရှိတယ်၊ ဒါဟာ အဲဒီအိမ်ကို မှတ်မိစေမယ့် အမှတ်အသားပဲ"

ဆရာဝန်က လင်းဝေကို အသေအချာမှာနေသည်။

လင်းဝေက ဆရာဝန်ဆီမှရေကို တစ်ငုံသောက်လိုက်သည်၊ သိပ်များများလည်းမသောက်ရဲချေ…။ ရေမှာ သိပ်မကျန်တော့သောကြောင့်ဖြစ်သည်။

ဤသို့ဖြင့် ဆရာဝန်သည် တံခါးမကြီးအား ဖွင့်လိုက်လေသည်။

❒



(၉)

အိမ်အပြင်သို့ရောက်သောအခါတွင် စိတ်တွေလှုပ်ရှားလာသည်။ သူ့အနောက်မှ တံခါးပိတ်သံကို ကြားလိုက်ရသည်။

ဆရာဝန်ညွှန်ပြသည့်အတိုင်းဆိုရင် သူ့ရှေ့မှာ တွေ့နေရသော လမ်းတည့်တည့်မှ လျှောက်သွားရမည်။

အိမ်ရှစ်အိမ်ကျော်ပြီးသောအခါတွင် လမ်းချိုးတစ်ခုထပ်တွေ့ရသည်။ ဆရာဝန်ကတော့ အဲဒီနေရာရောက်လျှင် သူပြောတဲ့အိမ်ကို လှမ်းမြင်နေရပြီဟု ပြောသည်။

သူ့ ခြေလှမ်းများ ခပ်သွက်သွက်လှမ်းလိုက်သည်။

ဘေးပတ်ဝန်းကျင်ကိုလည်း သတိထားကြည့်နေရသည်။

မြို့လေးသည် စိတ်ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်သံများလည်း ထပ်မကြားရတော့…။ တစ်ချက် တစ်ချက်သာ အဝေးက အော်သံသဲ့သဲ့လေး ကြားရသည်။

လျှောက်ရင်း လျှောက်ရင်းနှင့်ပင် သူတို့နေသောအိမ်နှင့် အတော်ဝေးလာခဲ့ပြီဖြစ်သည်။

လူရိပ်တစ်ခု တွေ့လိုက်ရသည်။

သူ လန့်သွားပြီး နီးစပ်ရာ အိမ်နားသို့ ပြေးကပ်လိုက်သည်။ သူ့အသက်ရှူသံတွေ မြန်လာသည်။

ထိုလူရိပ်က သူ့အနားကို လာနေပြီလား…။

သူ ချောင်းကြည့်လိုက်သည်။

"ဟာ"

သူမြင်လိုက်သောသူမှာ တစ်ယောက်တည်းမဟုတ်…။ သုံးယောက်တိတိဖြစ်သည်။

အားလုံး၏မျက်လုံးများသည် နီရဲနေပြီး ကြောင်တောင်တောင် ပုံစံတွေဖြစ်သည်။

ကိုလူသုံးယောက်သည် သူရှိရာနေရာသို့ တဖြည်းဖြည်းချင်း လာနေသည်။ သူ ဘာလုပ်ရမလဲ…။

နောက်ပြန်လှည့်ရင် သူ့ကို ထိုသုံးယောက်က မြင်သွားနိုင်သည်။ ယခုအခါတွင် သူ့ကိုမမြင်သေးဟု ယူဆလို့ရနေသေးသည်။

လမ်းကလည်း ထိုလမ်းမှတစ်ပါး အခြားလမ်းမရှိချေ…။

သူနှင့် အတော်ကြီးကို နီးလာပြီဖြစ်သည်။





"သုံးပေပတ်လည်၊ သုံးပေပတ်လည်"

သူ့နှုတ်မှ အဆက်မပြတ် ရေရွတ်နေမိသည်။

သူ့မျက်နှာချင်းဆိုင်ကိုလည်း တစ်ချက်ကြည့်လိုက်သည်။

လူအရိပ်အရောင် မတွေ့ရ…။

ဘာလုပ်ရမလဲ…။

ထိုလူသုံးယောက်မှာလည်း သူနှင့် တော်တော်နီးလာပြီဖြစ်သောကြောင့် သူကွယ်နေသော အိမ်တံခါးကိုဖွင့်ပြီး အထဲသို့လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



တိုလီမိုလီ ပစ္စည်းများရောင်းတဲ့ ဆိုင်ဖြစ်ပုံရသည်။ ယမ်းများနှင့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း တွေ့ရသည်။

Chemical ပစ္စည်းများကိုလည်း တွေ့ရ၏။

သို့သော် ပြတင်းပေါက်မှတဆင့် ခုနကလူသုံးယောက်ကိုလည်း ချောင်းကြည့်ရပြန်သည်။

ထိုလူသုံးယောက်ကို တွေ့ရတော့ရော…။ ဘယ်ရောက်သွားလဲမသိတော့…။

သူမှာ ဆရာဝန်ဆေးထားရာအိမ်သို့ သွားရန်ရှိသေးသည်။

ဆရာဝန်ညွှန်လိုက်သည့်အတိုင်းဆိုရှင်တော့ ယခုရောက်နေသော အိမ်နှင့်နီးနေပြီဖြစ်သည်။

ဒီအိမ်ထဲက ဘယ်လိုပြန်ထွက်ရမလဲ…။ ပြန်ထွက်လို့ အပြင်မှာ သူတို့ရှိရင် ဘယ်လိုလုပ်မလဲ…။

ဟိုလျှောက် ဒီလျှောက်နှင့် စဉ်းစားနေမိသည်။ ပစ္စည်းများနှင့်ပြည့်နေသောကြောင့် ဟိုတိုက် ဒီတိုက်နှင့် ဖြစ်နေသည်။ ယမ်းထည့်ထားသောဘူး ပြုတ်ကျတာကို တွေ့လိုက်သည်။ ကောက်ကိုင်လိုက်မိ၏။

အိမ်၏နောက်ဖက်သို့ လှမ်းကြည့်လိုက်သည်။ နောက်ဖေးပေါက်တစ်ပေါက်ရှိနေတာကို တွေ့ရသည်။

ထိုစဉ်…

"ဒုန်း…ဒုန်း" တံခါးထုသံများ ကြားလိုက်ရသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

လင်းဝေသည် အိမ်နောက်ဘက်သို့ တဟုန်ထိုးပြေးဝင်သွားလိုက်သည်။ ပြတင်းပေါက်တစ်ခုကို တွေ့လိုက်ရသည်။

ဤတွင် တစ်ခုတွေးမိသည်။ ဒီပြတင်းပေါက်က ခုန်ဆင်းလိုက်လို့ အိမ်နောက်ဘက်မှာ သူတို့ရောက်နေရင်ရောဆိုသည့်အတွေးဖြစ်သည်။

အိမ်ရှေ့မှ တံခါးလဲပြိုသံ ကြားလိုက်ရသည်။

ထို့ကြောင့် စဉ်းစားချိန်မရတော့ဘဲ ပြတင်းပေါက်ကနေ ခုန်ဆင်းလိုက်သည်။

"ဘုတ်"

လဲကျရာမှ အလူးအလဲထကာ ပတ်ဝန်းကျင်သို့ ခပ်မြန်မြန်ကြည့်လိုက်သည်။

သူနှင့်ခပ်လှမ်းလှမ်းနေရာတွင် လူတစ်ယောက်ကို တွေ့ရသည်။ ထိုလူက သူ့ကိုမမြင်ဘဲ ကျောပေးလျက် အနေအထားဖြင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့တွင် လမ်းချိုးတစ်ခု တွေ့ရသည်။

ထိုလမ်းချိုးထဲသို့ဝင်ပြီး အိမ်တစ်အိမ်အား ပြေးကပ်လိုက်သည်။

ဘာလုပ်ရမလဲ…။

သူသွားရမည့်အိမ်မှာလည်း သိပ်မဝေးတော့…။

ပြေးရင်ကောင်းမလား…။

သူ ဝရုန်းသုန်းကားပြေးသောကြောင့် အားလုံးတွေ့သွားနိုင်သည်။ ဤတွင် မထင်မှတ်သော အဖြစ်အပျက်တစ်ခုကို လှမ်းတွေ့လိုက်ရသည်။

❒



## (၁၁)

သူ ကျော့ပေးရပ်နေသောအိမ်နှင့် ခပ်လှမ်းလှမ်း အိမ်ရှေ့တွင် လူတစ်စုသည် တစ်စုံတစ်ခုကို စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။

စုစုပေါင်း လူလေးယောက်ဖြစ်သည်။ မြေပြင်ပေါ်ကတစ်ခုကို ထိုင်လျက်အနေအထားဖြင့် ကြည့်နေကြခြင်းဖြစ်သည်။

"ဒါ…ဘာ…လဲ"

ထိုအထဲမှ (ရောဂါဖြစ်နေသော)လူတစ်ယောက်က ကျန်လူများကို ပြောလိုက်ခြင်းဖြစ်သည်။

လင်းဝေ အံ့သြသွားသည်။ သူတို့၏စကားပြောသံသည် သာမန်လူတစ်ဦးပြောပုံနှင့် မတူချေ…။

အသံသြသြဖြစ်နေ၏။

ထိုအချိန်ထိ ထိုလူစုမှာ သူ့ကို သတိမထားမိသေးချေ…။



www.burmeseclassic.com

www.burmeseclassic.com



လင်းဝေလည်း သူတို့ကြည့်နေသောအရာကို စိတ်ဝင်စားလာသည်။

သူတို့ထဲမှ တစ်ယောက်က ထိုအရာကို ကောက်ကိုင်လိုက်သည်။

စာရွက်တစ်ရွက်ဖြစ်နေသည်ကို တွေ့ရသည်။

သူတို့တွေက စာရွက်ကို မသိကြတော့ဘူးလားဟု လင်းဝေတွေးမိသည်။

"ဟာ"

ထိုအထဲမှ တစ်ယောက်က…

"ဒီ…မြို့…ထဲမှာ…ငါတို့ မသိသေးတဲ့လူတွေ…ရှိ…သေး…တယ်ထင်တယ်"

ထိုစာရွက်မှာ သူတို့နှင့်မသိသေးသော မရင်းနှီးသေးသောလူတစ်ယောက်၏ပစ္စည်းဟု ထင်သွားကြပုံရသည်။

ပစ္စည်းတွေ ပြောင်းရွှေ့ရင်းနှင့် ဆရာဝန်ကျကျန်ခဲ့တာလည်းဖြစ်ကောင်းဖြစ်နိုင်သည်။

"သူ…စိမ်း…တွေ…ရှိသေးတယ်"

တစ်ယောက်ပြီးတစ်ယောက် ရေရွတ်ကြသည်။

ထိုစကားသံသည် ကျယ်သထက်ကျယ်လာသည်။ ထို့နောက်တစ်ယောက်က "အား" ဟုအော်လိုက်ပြီး ရုတ်တရက်ဆိုသလိုပင် သူရှိရာနေရာသို့ လှမ်းကြည့်လိုက်သည်။

"ဟင်"

ထိုလေးယောက်မှာ သူ့ကိုမြင်သွားပြီဖြစ်သည်။

❒



## (၁၂)

"အား"

အသံကုန်ခြစ်ပြီးအော်ဟစ်လိုက်သည်။ သူ့အော်သံကြောင့် သူ့ထံ[illegible]ပြေးလာတော့မည့် ထိုလေးယောက်၏ခြေလှမ်းများ ရပ်တန့်သွားသည်။

တွေဝေသွားပုံရသည်။

ထို့နောက် လင်းဝေသည် သူတို့လျှောက်သည့်ပုံစံအတိုင်း[illegible]လျှောက်ကာ သူရပ်နေသောအိမ်၏ဘေးနား လမ်းကြားလေးထဲသို့[illegible]မ်းဝင်လိုက်သည်။

ထိုလေးယောက်အား မမြင်ရသောအခါတွင် လင်းဝေသည်[illegible]မ်းကြိုလမ်းကြားမှတဆင့် သူသွားလိုသောနေရာသို့ ကွေ့ပတ်ပြေး[illegible]တော့သည်။

ပေါ်လာမည့်ရောဂါသည်များ၏ အရိပ်အရောင်ကိုလည်း[illegible]ကြည့်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခပ်လှမ်းလှမ်းတွင် အိမ်သုံးလေးအိမ်အား လှမ်း

လိုက်ရသည်။

ထိုအထဲရှိအိမ်တစ်အိမ်မှာ ဆရာဝန်ပြောလိုက်သည့်အိမ် ဖြ

ရသည်။ ထင်းပုံများကိုတွေ့ရသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့အရိပ်အရောင် တစ်ချက်ကြည့်ပြီး ထိုအိမ်များသို့ ပြေး လိုက်သည်။ ထူးထူးခြားခြား ဒီအိမ်များတွင် လူ့အရိပ်အရောင် ခုမှမတွေ့ရချေ…။

ထင်းပုံများရောက်သောအခါတွင် ကွေ့ပတ်ပြီး အိမ်တံခါးများ ရောက်အောင် သွားလိုက်သည်။

ထို့နောက် ပြတင်းပေါက်မှတဆင့် အိမ်ထဲသို့ အမှတ်မထင် ညှိမိလိုက်သည်။

"ဟာ"

သူ တော်တော်စိတ်ညစ်သွားသည်။

အိမ်ထဲတွင် လူနှစ်ယောက်ကို တွေ့လိုက်ရသောကြောင့် သည်။

ထို့ကြောင့် ဘာလုပ်ရမလဲဟုစဉ်းစားရင်း ထင်းပုံသားများတွင် ထိုင်ချလိုက်သည်။

ဤတွင် တော်တော်ဝေးသောနေရာတွင် ခုနက(စာရွက် ကြည့်သော) လူလေးယောက်က သူ့ကိုလိုက်ရှာနေသည်ကို တွေ့ ရသည်။

သူတို့လေးယောက်မှာ သူ့အကြောင်းကို ရိပ်မိသွားပုံရသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

အိမ်ထဲတွင် လူနှစ်ယောက်ရှိနေသည်။ အပြင်တွင်လည်း သူ့ကိုလိုက်ရှာနေသော လူလေးယောက်ရှိနေသည်။

သူ ဘာလုပ်ရမလဲ…။


သူ့ကိုလိုက်ရှာနေသည်ဟုထင်ရသောလေးယောက်မှာ တော်တော်လှမ်းသောနေရာတွင် ရှိနေသေးသည်။

သေချာပြောရလျှင် လမ်းမကုန်းဆင်းနေရာမှ တက်လာနေခြင်းဖြစ်သည်။ လင်းဝေသည် သူ့ရှေ့တွင်ရှိနေသော အရာတစ်ခုကို သတိထားမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဘီးပါသော တွန်းလှည်းကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

လင်းဝေ ခပ်မြန်မြန်လှုပ်ရှားလိုက်သည်။

သူ၏လက်သည် ထင်းချောင်းအချို့အား လှမ်းယူလိုက်သည်။ ထို့နောက် လှမ်းလာနေသော သူများမသိအောင် ထိုတွန်းလှည်းဆီသို့ ပြေးသွားလိုက်သည်။

ထိုတွန်းလှည်းထဲသို့ ထင်းများထည့်လိုက်သည်။

သူ ယူလာသောထင်းများမှာ များသောကြောင့် တွန်းလှည်းထဲတွင် အနည်းငယ်ပြည့်သွားသည်။

တိုလီမိုလီဆိုင်မှယူလာမိသော ယမ်းဗူးထဲမှ ယမ်းအနည်းငယ်ထည့်လိုက်သည်။ ထို့နောက် ခပ်လှမ်းလှမ်းတွင်တွေ့ရသော အုန်းခွံကြိုးဖြင့် ယမ်းပုံအားဆက်လိုက်သည်။

သူ၏လုပ်ဆောင်ချက်သည် မိနစ်အနည်းငယ်သာကြာသည်။ ဆောင်ပါလာသော မီးခြစ်လို့ရသည့်အရာဖြင့် ကြိုးစား၍ မီးရှို့လိုက်သည်။

ထို့နောက်...

တွန်းလှည်းအား ကုန်းဆင်းအတိုင်း တွန်းချလိုက်သည်။

တွန်းပြီးပြီးချင်းပင် လှုနှစ်ယောက်ရှိနေသောအိမ်သို့ ခပ်မြန်မြန်ပြေးသွားပြီး တံခါးခေါက်လိုက်သည်။

"ခေါက်...ခေါက်"

❐



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

အိမ်ထဲမှ မျက်လုံးနီနီရဲရဲနှင့် လူတစ်ယောက် ထွက်လာလေ

ထိုသူသည် အူကြောင်ကြောင်နှင့်ထွက်လာကာ "ဘယ်သူတံခါးခေါ်

တာလဲ" ဆိုတဲ့ပုံစံဖြင့် တစ်ဦးတစ်ယောက်အား လိုက်ရှာနေသည်

သို့သော် အိမ်အပြင်တွင် ဘယ်သူမှမတွေ့ရဘဲ တွန်းလှည်း

တစ်စီးကို ကုန်းဆင်းအတိုင်း လိမ့်ဆင်းနေသည်ကို တွေ့လိုက်ရသည်

တွန်းလှည်း လိမ့်ဆင်းသွားတာကိုကြည့်ပြီး သူ အံ့သြနေ

သည်။ ထို့ကြောင့် အိမ်အပြင်သို့ထွက်ကာ ထိုတွန်းလှည်းနောက်

စိတ်ခံစားမှုမရှိဘဲ ပြေးလိုက်သွားသည်။

ထိုလူ ထွက်သွားသည်ကိုကြည့်နေရင်းမှ လင်းစေသည်

နေရာမှ ထွက်လိုက်သည်။

အိမ်ထဲတွင် လူတစ်ယောက်ရှိနေသေးသည်။

❐



## (၁၅)

လမ်းပေါ်မှ လိမ့်ဆင်းလာသောအရာကြီးကိုကြည့်ပြီး မျက်လုံး

နီနီနှင့် လူလေးယောက်မှာ ကြောင်တောင်တောင်နှင့် ရပ်နေမိသည်။

ထိုလိမ့်ဆင်းလာသောအရာ၏နောက်တွင်လည်း သူတို့လိုပဲ

လူတစ်ယောက် ပြေးလိုက်လာနေသေးသည်။

ဘာကြီးလဲဟ…။

သူတို့ သိချင်သွားသည်။

ထို့ကြောင့် ထိုအရာကြီးကို လှမ်းဖမ်းရန်အတွက် ပြင်ဆင်

လိုက်သည်။ သို့သော်…

သူတို့စောင့်နေစဉ်မှာပင် ထိုအရာကြီးထဲမှ…

"ဒိုင်း…ဒိုင်း…ဒိုင်း"

ဆိုသောအသံများနှင့်အတူ မီးတောက်လေးများကို တွေ့လိုက်

ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလိုပင် စောင့်ဖမ်းနေသော လူလေးယောက်မှာ လမ်းဘေးသို့ ပြေးဝပ်လိုက်ကြသည်။

ထိုအရာကြီးသည် သူတို့ဘေးနားမှ ကုန်းဆင်းပြေပြေလေးအတိုင်း လိမ့်ဆင်းသွားသည်။

ခဏကြာသောအခါတွင် သူတို့လေးယောက်နှင့်အတူ ပြေးလိုက်လာသော တစ်ယောက်မှာ ထိုအရာကြီးနောက်သို့ ပြေးလိုက်သွားကြသည်။

ထိုအထဲတွင် တစ်ခုခုပါလိမ့်မည်ဟု သူတို့ထင်နေကြလားမသိ…။

❐



(၁၆)

"ခေါက်…ခေါက်"

ထိုအချိန်တွင် ဒုတိယအကြိမ်မြောက် တံခါးခေါက်သံ ကြားလိုက်ရသည်။

အိမ်ထဲတွင် ကျန်နေခဲ့သောလူသည် တံခါးသွားဖွင့်ပြန်သည်။

မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရ…။

ပတ်ဝန်းကျင်ကို ဖြူးတူးပြဲတဲဖြင့် ကြည့်လိုက်သည်။

ဤတွင် တံခါးဝရှိ အရာတစ်ခုအား သတိထားမိသွားသည်။ ထင်းတုံးများဖြစ်သည်။

ထိုထင်းတုံးများသည် စုပုံထားခြင်းမဟုတ်…။


တစ်ချောင်းနှင့်တစ်ချောင်းဆက်ကာ ခပ်လှမ်းလှမ်းတွင် မြင်နေရသောအိမ်သို့ ဆက်ထားခြင်းဖြစ်သည်။

(မြင်အောင်ပြောရလျှင် တစ်ဖက်ပါအနေအထားအတိုင်း ဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com






သူ စိတ်ဝင်စားသွားသည်။ ဘယ်သူက ဆက်ထားတာ ···။ တစ်ဖက်အိမ်မှာ ဘာရှိလို့လဲ···။

ငါ သွားကြည့်ဦးမယ်···။ သွားကြည့်ဦးမယ်···။ တစ်ခုခု ာ တစ်ခုခုပဲ···။

ထိုသူသည် ထင်းတုံးများစီထားရာလမ်းအတိုင်း တစ်သွေ မ်းလျှောက်ကာ တစ်ဖက်အိမ်သို့ သွားလိုက်သည်။

တစ်ခုခုတွေ့ရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် ပျော်နေ သည်။

ထင်းတုံးကိုကြည့်လိုက်၊ လမ်းလျှောက်လိုက်ဖြစ်နေသော သူထွက်ခဲ့သောအိမ်ထဲသို့ လူတစ်ယောက်ဝင်သွားသည်ကို ပြုမိချေ···။

❐



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ဒေါက်တာသည် လင်းဝေ လှမ်းပေးလိုက်သောဆေးဗူး သူကျန်ခဲ့သော ပစ္စည်းအချို့ကို အံ့ဩသည့်မျက်ဝန်းများဖြင့် လှ လိုက်သည်။

"မင်း ဘယ်လိုယူခဲ့တာလဲကွ"

လင်းဝေကလည်း သူတွေ့ခဲ့တဲ့အဖြစ်အပျက်များကို ပြော လိုက်သည်။

သူစကားဆုံးသောအခါတွင် ဒေါက်တာက...

"မင်းတွေ့ခဲ့တဲ့လူတွေက သာမန်လူတွေ ဖြစ်လို့ပါ" ပြော၏။

လင်းဝေ နားရှုပ်သွားပြီး...

"ဘယ်လို...ဘာဖြစ်လို့လဲ၊ ဒေါက်တာ"

"ဒီလိုပါ၊ ဒီမြို့လေးမှာက အောက်ခြေလူတန်းစားတွေ တယ်မဟုတ်လား"





"အင်း"

"သူတို့တွေက အိုင်ကျူနိမ့်တော့ ရောဂါဖြစ်တဲ့အခါမှာ ပိုပြီး အိုင်ကျူနိမ့်သွားတယ်။ ဒီတော့ သူတို့က မင်းလှည့်စားတာတွေကို အမှန်းမသိဘဲ ဂွင်ဝင်သွားတာပေါ့"

"သြော်...ဒီလိုလား"

"ဒါပေမယ့်...ရောဂါသည်တွေထဲမှာ ဉာဏ်ရည်အရမ်းမြင့်တဲ့သူတွေရှိတယ်"

"သူတို့ကျတော့ရော"

"အင်း...ဘယ်လိုပြောရမှန်းမသိဘူး။ သူတို့တွေက အိုင်ကျူ သိပ်ကျမသွားဘူး၊ ပိုလို့တောင် ကောင်းသွားဦးမယ်လို့ ငါထင်တယ်"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"အင်း...သိပ်တော့ မသိသေးဘူး"

"သူတို့အချင်းချင်းတော့ သိကြတယ်နော် ဒေါက်တာ"

ဒေါက်တာက အိပ်နေသော ဆူဇန်လက်မောင်းထဲသို့ သူ ယူလာသောဆေးအား ထိုးလိုက်သည်။

"ဟုတ်တယ်၊ ဘယ်လိုဓာတ်လဲမသိဘူး။ ရောဂါဖြစ်တာနဲ့ ရောဂါသည်အချင်းချင်း သိကြတယ်။ ခင်ကြတယ်။ စည်းလုံးကြတယ်ပေါ့။ လူတွေလိုပေါ့။ မျိုးနွယ်စုတစ်ခု စည်းလုံးသလိုဖြစ်သွားရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အိုင်ကျူမြင့်တဲ့လူတွေက သူတို့ခေါင်းဆောင်တွေ ဖြစ်ရောပေါ့"

"ဟုတ်တယ်"

"ဒါဆို ဒီမြို့လေးမှာ ရောဂါဖြစ်တဲ့လူတွေ တော်တော်ကျန်ခဲ့မယ်ထင်တယ်"

"ဟုတ်တယ်…အခုတောင် သူတို့ထဲကလူတွေက မင်းကို တွေ့သွားတဲ့အတွက် ဒီမြို့လေးမှာ သူတို့အပြင် သူစိမ်းတွေရှိတယ်လို့ သိသွားကြပြီ။ တကယ်တော့ ငါတို့ကတော့ သူတို့အတွက်ဆိုရင် သူစိမ်းတွေပဲကွ"

"သူတို့က ရန်မူတတ်လား"

"ရန်မူတတ်တယ်ပဲ ဆိုပါတော့။ ပြောမဲ့သာပြောရတာ အဲဒီ ရောဂါဖြစ်တဲ့လူရဲ့စိတ်ဟာ မှန်းဆရ အရမ်းခက်တယ်။ သူတို့လူ မဖြစ်မချင်း (ရောဂါမရမချင်း) ရန်မူရင် ရန်မူနေတတ်ရော"

"ရောဂါရသွားမှသာ ရန်မပြုတော့ဘူးပေါ့"

"အင်း…ဟုတ်တယ်"

ဒေါက်တာက သူ့ဆေးပစ္စည်းများကို သေချာပြန်သိမ်းရင်း ဖြေသည်။

"သူတို့တွေက အစာမစားကြဘူးလား ဒေါက်တာ"

"များသောအားဖြင့် ရေပဲသောက်တယ်"

လင်းဝေ အံ့ဩသွားသည်။



ဒီရောဂါသည်တွေက ရေပဲသောက်ပြီးနေတာလား…။

"ဒေါက်တာ သူတို့ ကျွန်တော်တို့ကို လိုက်ရှာမလား မသိဘူးနော်"

"အင်း ဟုတ်တယ်။ အခုချိန်လောက်ဆို ဒီသတင်းက ဆာဇက်ဆီ ရောက်သွားလောက်ပြီ"

"ဘယ်သူ"

"ရောဂါသည်တွေထဲမှာ ဉာဏ်ရည်အမြင့်ဆုံး ပရော်ဖက်ဆာ ဒေါက်တာဇေဇက်ပါ။ သူက အရမ်းတော်တယ်။ ရောဂါကူးစက်ခံ ရတဲ့အတွက် လူတိုင်း နှမြောမိတဲ့ လူတစ်ယောက်ပေါ့"

သူ သက်ပြင်းချလိုက်သည်။

ဒေါက်တာ ဇေဇက်…

ဒေါက်တာ ဇေဇက်…

စိတ်ထဲမှ ရေရွတ်မိသည်။

ဘာကြောင့်မှန်းမသိ သူ့စိတ်သည် လှုပ်ရှားသွားသည်။

"တစ်ခုမေးရဦးမယ်…ဒေါက်တာ၊ ဒီရောဂါသည်တွေက အခြားမြို့တွေကို မရောက်သွားနိုင်ဘူးလား"

ဒေါက်တာက သူ့ကို တစ်ချက်ကြည့်သည်။

"ဒီရောဂါက တော်တော်ထူးဆန်းတဲ့ရောဂါကွ။ ဒီမြို့လေး ကလွဲပြီး သူတို့ဘယ်မှမသွားဘူးလို့ ငါယူဆတယ်။ ဒီမြို့လေးမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



သွားလာ လှုပ်ရှားနေတယ်။ ပြီး ဘယ်သူ့ကိုမှလည်း ဒီမြို့က ထွက်ခွာခွင့်မပေးဘူး။ အကယ်၍များ ထွက်ခွာရင်တောင် အခြားမြို့က လူတွေဟာ ဒီမြို့နဲ့ဆက်စပ်တဲ့ နယ်နိမိတ်ကို ပိတ်ထားလောက်ပြီ"

"ဟူး"

သူ စိတ်မောသွားသည်။

"ဒါဆို ကျွန်တော်တို့လည်း ဒီမြို့က မထွက်ရတော့ဘူး ပေါ့"

ဒေါက်တာက သူ့ကိုတစ်ချက်ကြည့်ပြီး စိတ်လေးလံသည့်ပုံစံဖြင့် ခေါင်းခါပြသည်။

ထွက်လို့မရဘူးဆိုသည့်သဘောဖြစ်သည်။

သို့သော် သူက တစ်ခွန်းချင်း ပြောလိုက်သည်။

"ကျွန်တော် ဒီမြို့က ထွက်သွားချင်တယ် ဒေါက်တာ"

❒

## (၁၈)

"ကျွန်တော် ဒီမြို့က ထွက်သွားချင်တယ် ဒေါက်တာ"

ထိုစကားကြောင့် ဒေါက်တာက သူ့ကို အလန့်တကြား ကြည့်သည်။

"သူတို့က ထွက်ခွင့်ပေးမှာမဟုတ်ဘူး"

ဒေါက်တာ၏မျက်နှာသည် စိတ်ဓာတ်အကြီးအကျယ်ကျနေပုံ ပေါ်သည်။

"ဒေါက်တာ"

"အင်း…ပြောလေ"

"အခုလောက်ဆို သူတို့တွေ ကျွန်တော်တို့ကို ရှာနေလောက်ပြီမှတ်လား"

"ဟုတ်တယ်"

"ကျွန်တော်တို့ ဒီအတိုင်းပဲ ထိုင်နေတော့မှာလား"

www.burmeseclassic.com



ဒေါက်တာမှာ ပြန်မဖြေဘဲ ပြတင်းပေါက်ကို တွေတွေကြီး စိုက်ကြည့်နေသည်။

''ကျွန်တော်တို့ ဒီအတိုင်းပဲ ရောဂါဖြစ်ခံတော့မှာလား ဒေါက်တာ''

''ငါ့ရဲ့ဆေးကလည်း အချိန်နည်းနည်းလိုသေးတယ်''

''ဒီမြို့လေးကပဲထွက်ပြီး အပြင်မှာ ဆက်လက်စမ်းသပ်ပေါ့ ဒေါက်တာရယ်''

ဒေါက်တာက လင်းဝေကို တစ်ချက်ကြည့်သည်။ တစ်ခုခု ပြောရန် ပါးစပ်ပြင်နေစဉ်မှာပင် ညည်းသံတစ်ခု ကြားလိုက်ရသည်။ ဆူဇန် သတိရလာခြင်းဖြစ်သည်။

❒



(၁၉)

အိမ်လေးတစ်အိမ်တွင် လူအစုအဖွဲ့လေးတစ်ခုမှာ တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး ထိုင်နေကြသည်။

သူတို့၏မျက်လုံးများသည် နီရဲနေသည်။

ထိုစဉ် ထိုလူများထဲမှ တစ်ယောက်က ထိပ်ဆုံးမှထိုင်နေသောသူအား...

''ဒေါက်တာ...ကေ...ဇက်၊ သူ...စိမ်း...တွေကို ဘယ်လိုလုပ်မလဲ''

''သူတို့ကို တွေ့ပြီလား''

''ပျောက်သွားတယ်''

''ဒီမြို့လေးက ကျဉ်းတာပဲ။ အိမ်တိုင်းလိုက်ရှာ။ သူနဲ့ အတူ သူစိမ်းဘယ်နှစ်ယောက်ရှိလဲ သိချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါ်ကြသော ဒေါက်တာကေဇက်မှာ ဥပဓိရုပ်သန့်သန့်နှင့် ဖြစ်သည်။ မျက်လုံးမှာ အခြားလူများထက် ပိုနီရဲနေသည်ဟု ထင်ရသည်။

ဒေါက်တာကေဇက်သည် အခြားလူများ ပြန်ပြောပြသည့် သတင်းစကားများကို နားထောင်ရင်း ခေါင်းတဆတ်ဆတ်ဖြင့် ငြိမ့်နေမိသည်။

သူတို့ကို လှည့်ပတ်ထွက်သွားသော သူ၏ဉာဏ်ရည်မှာ မသေးလှကြောင်းလည်း ရိပ်မိလိုက်သည်။ သူ့လူများကို လှည့်စားသွားသော ထိုသူစိမ်းကိုလည်း မကျေမနပ်ဖြစ်မိသည်။

သူတို့ ဒီမြို့က ထွက်ခွာသွားနိုင်သည်ဟု တဆက်တည်းလည်း တွေးမိပြန်သည်။

❐

(၂၀)

ဆူဇန်သည် လင်းဝေနှင့် ဒေါက်တာ ရှင်းပြနေသောအရာများကို နားထောင်ရင်း ငိုကြွေးလေတော့သည်။

ဒီမြို့လေးအကြောင်း၊ သူရောဂါဖြစ်နိုင်သည်ဆိုသည့် အခြေအနေများကြောင့် သူမ ထိတ်လန့်သွားခြင်းဖြစ်သည်။

"ကျွန်မက ဒီမြို့လေးမှာရှိတဲ့ သူငယ်ချင်းတစ်ယောက်ဆီလာလည်တာ။ အဖေနဲ့အမေက တခြားမြို့မှာ။ အခုလောက်ဆို သူတို့စိတ်ပူနေလောက်ပြီထင်တယ်"

လင်းဝေနှင့်ဒေါက်တာမှာ ဆူဇန်ကို ဘာမှပြန်မပြောဘဲ တွေဝေပြီး ငေးကြည့်နေသည်။

ဆူဇန်မှာ ငိုလည်းငို၊ ပြောလည်းပြောဖြစ်နေသည်။

သူမ တုန်လှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငိုနေသောသူမကိုကြည့်ရင်း လင်းဝေမှာ စိတ်မကောင်းဖြစ်လာသည်။

ဒီလိုအခြေအနေမျိုးမှာ သူလည်း ဘာလုပ်လို့လုပ်ရမှန်းမသိ…။ မြို့လေးက ကျဉ်းကျဉ်းလေး…။

ရောဂါသည်များအလယ်မှာ ရောက်နေရတဲ့အခြေအနေ…။

အချိန်မရွေး ရောဂါကူးစက်ခံရနိုင်သည်။

ပြန်လမ်းမရှိဘဲ အသိစိတ်တွေမရှိဘဲ ဒီမြို့လေးမှာနေရမည့်အခြေအနေကို ဘယ်သူက စိတ်မညစ်ဘဲနေမည်နည်း။

"လင်းဝေ"

ဆုဇန်ခေါ်သံကြောင့် လင်းဝေအတွေးတို့ပြတ်သွားသည်။

"ဘာလဲ…ဆုဇန်"

ဆုဇန်က သူ့ကို ငေးစိုက်ကြည့်နေရင်းမှ…

"နင် ဒီမြို့ကထွက်သွားရင် ငါ့ကိုလည်းခေါ်သွားပါလား"

"ဟင်"

အမှတ်မထင်ပဲ လင်းဝေ၏မျက်လုံးများသည် ဒေါက်တာကိုကြည့်မိလျက်သားဖြစ်နေသည်။

ဒေါက်တာကတော့ သူတို့နှစ်ယောက်ကို ကြည့်နေခဲ့ဖြစ်သည်။

❐



သူတို့ ဒီမြို့က
ထွက်ခွာသွားနိုင်သည်
(သို့)
မထွက်သွားနိုင်ဆိုတာကို
သိန်းတစ်ရာကြေးလောင်းမယ်ဆိုရင်
သင် လောင်းမှာလား....

www.burmeseclassic.com

www.burmeseclassic.com

သင် ကြိုက်တဲ့ဘက်မှာနေပါ

ကျန်တဲ့ဘက်မှာ

ကျွန်တော်နေပါမည်

သိန်း ဥရာ

ဆေလ ၁ ဆက်

......................

ကဲ....

စလိုက်ရအောင်

www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

ဒီမြို့လေး၏ပတ်ပတ်လည်တွင် ဒေါက်တာကေဇက်သည် သူ့လူများအား အပြည့်ချထားလိုက်သည်။

မည်သည့်သူစိမ်းမှ ဒီမြို့လေးအတွင်းက ထွက်ခွာသွားခြင်း မရှိစေရ…။ မြို့လေးတွင် ဂိတ်တံခါးလို့ဆိုရလောက်သည့် နေရာထားနေရာရှိသည်။

ထိုနေရာလေးနေရာတွင် လူသုံးယောက်စီ အစောင့်ချထားလိုက်သည်။

ကျန်လူများအား မြို့တွင်းအနှံ့ လိုက်ရှာခိုင်းစေလိုက်သည်။

သူ့လူများအား ညွှန်ကြားပြီးနောက်တွင် ဒေါက်တာကေဇက်သည် ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ထွက်သွားသောလူများကိုလည်း လှမ်းအော်လိုက်သေးသည်။

"ငါ့ကို မပြတ်သတင်းပို့၊ အဲဒီလူစိမ်းကို စိတ်ဝင်စားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြောရင်းနှင့် ဘေးနားတွင်ရှိနေသော စာရွက်များ ထဲမှ စာရွက်တစ်ရွက်ကို ယူလိုက်သည်။

မည်သူကျကျန်ခဲ့မှန်းမသိသော Puzzle (ဉာဏ်စမ်း) တစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

သူ့လူများက ကောက်ရသောကြောင့် လာပေးထားခြင်းဖြစ် သည်။

ဘာရယ်မဟုတ် ဉာဏ်စမ်းကို ကြည့်မိလိုက်သည်။

A မှ Z ထိ ရေးထားသော ဇယားကွက်ကို တွေ့ရသည်





| | | | | | |
|---|---|---|---|---|---|
| A | B | C | D | E | F |
| | G | H | I | J | K |
| | L | M | N | O | P |
| | Q | R | S | T | U |
| | | V | W | X | |
| | | | Y | Z | |



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း ။ ။ တစ်ဖက်ပါ အက္ခရာ ၂၆လုံးတွင် ပူးတွဲ အက္ခရာ နှစ်လုံး၏ လေးဖက်ကြည့်အမြင်လေးခု ပါရှိသည်။ ၎င်းလေးဘက်ကြည့်အမြင်လေးခုပေါင်းခြင်းသည် အက္ခရာတစ်ခုချင်းစီ၏ လေးဘက်ကြည့်အမြင်များ ထပ်မံရရှိပါသည်။

ရရှိသောအဖြေအား ဖော်ပြပါ။





မေးခွန်းကိုကြည့်ပြီး ဒေါက်တာကေဇက် စိတ်ဝင်စားသွား စဉ်းစားရသောအလုပ်ကို သူစိတ်ဝင်စားသည်။

ထို့ကြောင့် မေးခွန်းကိုကြည့်ပြီး စဉ်းစားခန်းဝင်လိုက်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

"ဒီမြို့မှာ ထွက်ပေါက် ဘယ်နှစ်ခုရှိလဲ"

လင်းဝေက ဒေါက်တာကိုကြည့်ပြီးမေးလိုက်သည်။

ဒေါက်တာက မဆိုင်းမတွပဲ…

"ထွက်နိုင်တဲ့လမ်း လေးလမ်းရှိတယ်" ဟု ပြန်ဖြေသည်

ဆူဇန်ကတော့ ခပ်လှမ်းလှမ်းတွင်ထိုင်ကာ သူတို့စကား နားထောင်နေသည်။

"ဒီမြို့မှာ ရောဂါသည် ဘယ်နှစ်ယောက်လောက်ရှိလဲ ခန့်မှန်းနိုင်မလဲ"

"အင်း…တော်တော်များမယ်ထင်တယ်"

သူ သက်ပြင်းတစ်ချက် ချလိုက်သည်။





"အခုလောက်ဆိုရင် ဒေါက်တာဇေဇက်က မြို့ထွက်ပေါက် တွေကို ပိတ်ထားလောက်ပြီ"

သူ ခေါင်းညိမ့်ပြလိုက်သည်။ ဒါဆို သူတို့အတွက် ဒီမြို့က ထွက်လမ်းမရှိတော့ဘူးပေါ့…။

သူ စိတ်ညစ်သွားပြန်သည်။ ဒေါက်တာကို တစ်ချက်ကြည့် လိုက်သည်။

ဒေါက်တာက မတ်တပ်ရပ်နေသည်။ ထို့နောက် ဟိုဟိုဒီဒီ လျှောက်ရင်း စဉ်းစားနေသည်။

စိတ်လည်း လှုပ်ရှားနေပုံရသည်။

ထို့နောက် လင်းဝေဘက်လှည့်ပြီး…

"တစ်ခုတော့ရှိတယ်"

"ဘာကိုလဲ"

"ဒီမြို့ရဲ့ထွက်ပေါက်လေ"

"ဘယ်လို"

"ဒီမြို့ကိုတည်တဲ့သူတွေက မြို့ထွက်ပေါက်တွေ အသုံးပြုလို့ မရတော့ရင် မြို့ကထွက်လို့ရအောင်ဆိုပြီး လမ်းတစ်လမ်းလုပ်ခဲ့တယ်"

"ဟာ မိုက်တာပေါ့၊ အဲဒီလမ်းက ဘယ်မှာလဲ"

"အိမ်နံပါတ် ၂၅ မှာ"

"ဘယ်နားလောက်မှာလဲ"

"မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

နားထောင်နေသောဆူဇန်ပင် ဒေါက်တာ့စကားကို နားမ
စွာဖြင့် ပြန်ငေးကြည့်နေသည်။

"အဲဒီထွက်ပေါက်ဟာ ဒီမြို့ရဲ့အိမ်နံပါတ် ၂၅မှာရှိတယ်
ပဲသိတယ်။ ဒါပေမယ့် ဘယ်နားမှာရှိမှန်း ဘယ်သူမှမသိကြ

"ဘာဖြစ်လို့လဲ"

"ဒီမြို့မှာ အိမ်နံပါတ် 1 ကနေ 100 အထိ ရှိတယ်ဆိုပါ

"အင်း"

"ဒါပေမယ့် 23, 24, 26, 27, .... ဆိုပြီး 25 ကိုကျော်
တယ်။ ဒီမြို့မှာ 25 ဆိုတဲ့အိမ်မရှိဘူး"

"ဒါဆို ဘာဖြစ်လို့ အိမ်နံပါတ် 25 ရှိတယ်လို့ပြောရ
မရှိလို့ပေါ့"

"မဟုတ်ဘူး။ အိမ်နံပါတ် 25 ဆိုတာ ရှိတော့ရှိ
ဘယ်အိမ်မှန်းသာမသိတာ"

"ဒါဆို တစ်ယောက်မှ မသိဘူးပေါ့"

"တစ်ယောက်တော့သိတယ်"

"ဘယ်သူလဲ"

"ဒီမြို့လေးရဲ့ ဘုန်းတော်ကြီးတစ်ပါးပဲ"

"သူတစ်ယောက်ပဲ သိရတာလား"



## 25

"အင်း...ဟုတ်တယ်။ သူမရှိတော့ရင် သူ့ကိုဆက်ခံတဲ့လူကို ပြောထားခဲ့ရတယ်"

"အခု အဲဒီဘုန်းတော်ကြီးက ဒီမြို့ကနေ ထွက်သွားပြီလား"

"ဟင့်အင်း သူလည်း အခုရောဂါဖြစ်တဲ့လူတွေထဲမှာ ရှိနေတယ်"

"ဗျာ"

ဆူဇန်က သူ့ကိုကြည့်နေသည်။

ဒေါက်တာကလည်း သူ့ကိုစိတ်မကောင်းစွာ ပြန်ကြည့်နေသည်။

သူတို့ ဘာဆက်လုပ်ကြမလဲ...။

ထိုစဉ် သူတို့ကိုလိုက်ရှာနေသော လူတစ်စု၏အော်ဟစ်သံများကို ကြားလိုက်ရသည်။

အခြေအနေသည် သူတို့ထင်ထားတာထက်ပင် ဆိုးရွားနေပြီဖြစ်သည်။

သူတို့အိမ် နှစ်အိမ်ကျော်လောက်က ထွက်လာခြင်းဖြစ်သည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

ရုတ်တရက်ဆိုသလိုပင် ဒေါက်တာသည် သူ့ဆေးများထားရာနေရာသို့ ပြေးသွား၏။

အော်သံများကလည်း အဆက်မပြတ်ထွက်ပေါ်နေသည်။ တောခြောက်သံလိုပင် ထိတ်လန့်ဖို့ကောင်းလှသည်။

လင်းဝေမှာ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။

ဒေါက်တာ့ကိုလှမ်းကြည့်သောအခါတွင် သူ့ဆေးဗူးများကို အထုပ်ထဲသို့ ထည့်နေသည်။

"ဒေါက်တာ ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ"

ဒေါက်တာသည် သူတို့ဘာမှပြန်မပြောသေးဘဲ ဆေးအိတ်ကို ဆွဲကာ အိမ်၏နောက်ဘက်သို့ ထွက်သွားလေ၏။

သူတို့လည်း ဒေါက်တာ့အနောက်မှ လိုက်ခဲ့ကြသည်။



ဆူဇန်မှာ အော်သံများကို ကြောက်လွန်း၍ သူ့လက်ကို ဆုပ်ကိုင်ထားလေသည်။

အိမ်နောက်ဘက်သို့ရောက်သောအခါတွင် ဒေါက်တာသည် အိမ်တပ်ရပ် ခြုံပုတ်တစ်ခုနားသို့သွားကာ အရာတစ်ခုအား ဆွဲလိုက်လေ၏။

"ဟင်"

တံခါးတစ်ခုဖြစ်နေသည်။ သေသေချာချာပြောရလျှင် မြေအောက်ခန်းတစ်ခု၏တံခါး ဖြစ်သည်။

ဒေါက်တာသည် သူ့ဆေးအိတ်အား မြေအောက်ထဲသို့ ပစ်ချလိုက်၏။ ထို့နောက် ဒေါက်တာသည် ဆင်းရန် ဟန်ပြင်လိုက်သည်။

ဆူဇန်ကိုလည်း ဒေါက်တာနောက်မှလိုက်ဆင်းရန် အချက်ပြလိုက်သည်။ သူတို့နှစ်ယောက် အောက်ရောက်သွားသောအခါတွင် င်းဝေ တစ်ခု သတိရသွားသည်။

"လင်းဝေ…ဆင်းခဲ့လေ"

ဆူဇန်က လှမ်းပြောသည်။

"နေဦး၊ ငါ ပစ္စည်းတွေ သယ်လိုက်ဦးမယ်"

"မသယ်နဲ့တော့၊ သူတို့နီးနေပြီ"

ဒေါက်တာကလည်း လှမ်းသတိပေးသည်။

လင်းဝေ အိမ်ထဲသို့ပြေးဝင်လိုက်သည်။

ထိုအချိန်တွင် သူတို့ကိုလိုက်ရှာနေသော လူဆိုးကြီးကို ပြတင်းပေါက်မှတဆင့် လှမ်းတွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အိမ်နှင့်နီးနေပြီဖြစ်သည်။

လင်းဝေ၏လက်များသည် အလျင်အမြန်လှုပ်ရှားလိုက်သ

ရေများ…။

ဒေါက်တာ၏ အစားအသောက်အိတ်…။

လက်က နိုင်သလောက်ပဲ သယ်ရသောကြောင့် ပစ္စည်း

သိပ်မပါချင်…။

သို့သော် မြေအောက်ခန်းတံခါးနားသို့သွားပြီး သူယူလာ

ပစ္စည်းများကို ဝစ်ချလိုက်သည်။

ရေက နည်းနေသေးသည်ဟု ထင်မိသည်။

ဆူဇန်၏လှမ်းခေါ်သံကို ကြားလိုက်ရသည်။

ဘာမှမတွေးတော့ဘဲ အိမ်ထဲသို့ နောက်တစ်ခေါက် ပြေး

လိုက်လေသည်။

"ခွမ်း"

မှန်ကွဲသံတစ်ချို့ ကြားလိုက်ရသည်။

တံခါးမှာပဲ အပြင်ဘက်ကရပ်နေသောလူမှာ လင်းဝေ

မြင်သွားပြီဖြစ်သည်။

"လူစိမ်း…..လူစိမ်း"

ထိုလူ၏အော်ဟစ်သံကြောင့် တစ်ဖက်သို့ သံကြိုးမဲကြ

နေသောလူများက သူတို့အိမ်ဖက်သို့ လှည့်လာကြသည်။





ခုံပေါ်တွင်တင်ထားသော လက်ကျန်ရေဗူးငါးဗူးကို တွေ့ရ

သည်။ ထိုလူစုသည် အိမ်အတွင်းသို့ဝင်ရန် ကြိုးစားနေပြီဖြစ်သည်။

ရေဗူးငါးဗူးကို လက်က အလျင်အမြန်ပွေ့ပိုက်လိုက်သည်။

ကွဲနေသော ပြတင်းပေါက်မှတဆင့် လူတစ်ယောက် ခုန်ဝင်

လာသည်။

သူနှင့် ငါးပေလောက် ကွာဝေးနေသေးသည်။

ထိုသူက သူ့ထံသို့ ပြေးဝင်လာရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက်ဆိုသလို လင်းဝေသည် သူနှင့်ဆန့်ကျင်ဘက်သို့

ရေဗူးတစ်ဗူးအား ပစ်ပေါက်လိုက်လေသည်။

"ရေ…ရေ"

ပြေးဝင်လာတော့မည့် သူ၏ခြေလှမ်းများ ရပ်တန့်သွားပြီး

သူ့ကိုကြောင်ကြည့်နေသည်။

"ရေ…ရေ"

သူ လက်ညှိုးထိုးရာဆီသို့ ထိုလူ လှမ်းကြည့်သည်။

ရေတစ်ဗူးကို တွေ့ရသည်။

ထိုလူ၏ခြေလှမ်းများက ရေဗူးဆီသို့ ဦးတည်လိုက်သည်ကို

တွေ့ရသည်။

သူ အသက်မရှူဘဲ ငြိမ်သက်နေမိသည်။

တစ်လှမ်း….

နှစ်လှမ်း….

www.burmeseclassic.com

www.burmeseclassic.com



သုံးလှမ်း....

လေးလှမ်း...

ထိုလူက ရေသန့်ဗူးဆီသို့တိုးသွားသလို လင်းဝေ၏ခြေလှမ်းများကလည်း နောက်အတ်သို့ အစ်လှမ်းခြင်းဆုတ်နေမိသည်။

''ဝုန်း''

တံခါးပွင့်သွားလေသည်။

အပြင်ကဝင်လာသောလူများကို လှမ်းမြင်လိုက်ရသည်။

ကံကောင်းစွာပင် သူရောက်နေသောနေရာသည် အကွယ်တစ်ခုနှင့်နီးနေသည်။

ထို့ကြောင့် ခပ်မြန်မြန်ပြေးကပ်ပြီး နောက်ဖေးသို့ ပြေးထွက်ခဲ့သည်။

မြေအောက်တံခါးနားရောက်သောအခါတွင် အပေါ်သို့မော့ကြည့်နေသော ဆူဇန့်မျက်နှာကို တွေ့လိုက်ရသည်။

❐

## (၂၄)

''ဘာ...သူတို့ပျောက်သွားတယ်''

ဒေါက်တာကေဇက်အော်သံကြောင့် သူ့လူများ တုန်လှုပ်သွားသည်။

ရောဂါသည်လည်း ဖြစ်၊ နဂိုကတည်းက သူ့ကိုကြောက်တဲ့သူတွေဖြစ်သောကြောင့် ပို၍တုန်လှုပ်မိကြသည်။

''အိမ်နံပါတ် 89 ကနေ ပျောက်သွားတာပဲခင်ဗျာ''

တစ်ယောက်က ဝင်ပြောသည်။

ဒေါက်တာကေဇက်၏ရင်ထဲတွင် ဒေါသထွက်နေသည်။

လူစိမ်း....လူစိမ်း....။

သူ ဘယ်ရောက်သွားလဲ....။ မြို့ထဲက ထွက်သွားပြီလား...။ မဖြစ်နိုင်...။ မြို့လမ်းတွေ ပိတ်ထားတာပဲ...။

သူ့ရှေ့ကလူများကို ကြည့်လိုက်သည်။ မျက်နှာသေလေးများဖြင့် ခေါင်းငုံ့နေသည်ကို တွေ့ရသည်။

''ကဲ...သွားတော့၊ ထပ်ရှာကြ''

www.burmeseclassic.com



သူ ပြန်လှည့်လိုက်သောကြောင့် အားလုံးမှာ ဝမ်းသာအားရနှင့် ထွက်သွားကြသည်။

ဦးနှောက်မရှိတဲ့လူတွေ…ဦးနှောက်မရှိတဲ့လူတွေ…။

တွေးရင်းတွေးရင်းနဲ့ စိတ်အလိုမကျဖြစ်မိသည်။

အိမ်နံပါတ် 89 မှာပျောက်သွားတယ်…။

အိမ်နံပါတ် 89 …..

အိမ်နံပါတ် ……

"ဟာ"

ရုတ်တရက် သူထိတ်လန့်သွားသည်။

အိမ်နံပါတ် 25 ကို သတိရလိုက်၍ဖြစ်သည်။

ဒီမြို့ကထွက်တဲ့လမ်းအားလုံးကို ပိတ်ထားသည်။ ထိုလမ်းတွေက သူတို့ထွက်ဖို့မဖြစ်နိုင်…။

သို့သော် အိမ်နံပါတ် 25 မှာ ထွက်လမ်းရှိသည်ဟု ကြားဖူးသည်။ အိမ်နံပါတ် 25 က ဘယ်မှာလဲ…။

သူမသိ….။ ဟာ….မေ့နေတာပဲ။ သိတဲ့လူရှိတာပဲ….။

ထို့နောက် ဒေါက်တာဇေဇာက်သည် သူ့ဘေးရှိလူတစ်ယောက်အား….

"ဘုန်းတော်ကြီးကို ခေါ်ပေးပါဦး"

ဟု လှမ်းပြောလိုက်သည်။

❒



(၂၅)

"တော်သေးတာပေါ့၊ မြေအောက်ခန်းရှိနေလို့"

ဆူဇန်က ဂတ်(စ်)မီးခြစ်ကိုခြစ်ရင်း ပြောသည်။

"ဒါတောင်မှ လင်းဝေ ဆေးသွားယူနေတုန်း နောက်ဖေး…ထွက်ရင်းနဲ့ တွေ့တာပါ"

ဒေါက်တာက သူ့ပစ္စည်းများကို နေရာချရင်း ပြန်ပြောသည်။

မြေအောက်ခန်းသည် အရမ်းအကျယ်ကြီးမဟုတ်ချေ…။

အပေါ်အိမ်၏သုံးပုံနှစ်ပုံခန့်တော့ရှိသည်။

အလင်းကောင်းစွာမရသော်လည်း မှန်အိမ်များရှိနေသော…ကြောင့် အဆင်ပြေသည်။

"သာမန်ဆိုရင် ဒီမြေအောက်ခန်းကို တွေ့မှာမဟုတ်…ထဲကပစ္စည်း ခြုံထဲကျသွားလို့ တွေ့ဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခုနက ထိတ်လန့်ခဲ့သောကြောင့် အခုမှပင် အားလုံး သက်ပြင်းချနိုင်ကြသည်။ တစ်ယောက်တစ်နေရာစီ ထိုင်ချလိုက်ပြီး တစ်ဦးတစ်ဦး ကြည့်မိကြသည်။

"ဘာလုပ်ကြမလဲ...လင်းဝေ"

ဒေါက်တာက စမေးသည်။

"အခု ဒီမြေအောက်ခန်းမှာတော့ တစ်ရက်နှစ်ရက်လောက် လုံခြုံမှုရှိနိုင်တယ်လို့ထင်တယ်"

"အင်း...ဟုတ်တော့ ဟုတ်ပါတယ်။ အခု အခြေအနေ ထင်ထားတာထက် ဆိုးနေပြီ"

လင်းဝေ သက်ပြင်းချလိုက်သည်။ ထို့နောက်...

"ဒေါက်တာ"

ဟုခေါ်လိုက်သည်။

ဒေါက်တာက သူ့ကိုတစ်ချက်ကြည့်သည်။

"ပြောလေ...လင်းဝေ"

သူ ဆူဇန်ကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် ဒေါက်တာ့ဘက်လှည့်ကာ...

"ဒေါက်တာ ကျွန်တော်တို့နဲ့လိုက်မှာလား"

သူ့အမေးကြောင့် ဒေါက်တာ တွေဝေသွားပုံရသည်။

ဆူဇန်ကိုလည်း ငဲ့ကြည့်လိုက်သည်။





ထို့နောက် မတ်တပ်ရပ်ကာ လမ်းလျှောက်ရင်းစဉ်းစားနေသည်။

လင်းဝေတို့မှာ ဒေါက်တာပြောမည့်စကားကို စောင့်နေကြသည်။

ဒေါက်တာမှာ လမ်းလျှောက်နေရင်းမှ ရပ်လိုက်သည်။

လင်းဝေဘက်လှည့်ကာ...

"ဒီအခြေအနေရောက်မှ ငါလည်း မင်းတို့နဲ့အတူလိုက်ရတော့မှာပေါ့"

ဟု ပြောလိုက်လေသည်။

လင်းဝေနှင့်ဆူဇန်မှာ ပျော်ရွှင်သွားပြီး...

"ဒါဆို ကျွန်တော်တို့ ဒီမြို့ကထွက်နိုင်ဖို့ စဉ်းစားရအောင် ဒေါက်တာ"

❐



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

''အိမ်နံပါတ် 25 က ဘယ်နားမှာလဲ''

ဒေါက်တာကေဇက်သည် သူ့ရှေ့တွင်ရှိနေသော ဘုန်းတော်ကြီးအား မေးလိုက်သည်။

ဘုန်းတော်ကြီးမှာ သူ့ကိုငေးကြည့်နေသည်။

''အိမ်နံပါတ် 25 ... အိမ်နံပါတ် 25 ....''

ဟုလည်း ရေရွတ်နေသေးသည်။

ထို့နောက် ဒေါက်တာကေဇက်အားကြည့်ပြီး...

''မသိဘူး'' ဟု ပြန်ဖြေသည်။

ဒေါက်တာကေဇက် တင်းသွားသည်။

''ဘာဖြစ်လို့မသိရမှာလဲ။ အစဉ်အဆက်သိလာတဲ့ကိစ္စကို''

ဘုန်းတော်ကြီးမှာ ဒေါက်တာကို ပြုံးကြောင်ကြောင်နှင့် ကြည့်နေသည်။





သူ့ပုံစံကြည့်ရသည်မှာ ဘာမှမှတ်မိပုံမရ...။

ဒေါက်တာကေဇက်မှာ သုံးလေးခေါက် ထပ်မေးသည်။

မသိဘူးဟုသာ အဖြေရသည်။

ဘုန်းတော်ကြီးမှာ အိမ်နံပါတ် 25 ကို မေ့နေသည်ဟု ထင်မိသည်။ ဘုန်းတော်ကြီး၏မျက်နှာမှာ လိမ်နေခြင်းမဟုတ်နိုင်ဟုလည်း တစ်ဆက်တည်းထင်မိသည်။

ထို့ကြောင့်...

''ထားပါတော့၊ ဘုန်းတော်ကြီး မသိဘူးဆိုလည်း မမေးတော့ပါဘူး။ ဒါပေမယ့်...အရင်ဘုန်းတော်ကြီးက အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခုထားခဲ့တယ်မလား''

ထိုအခါ ဘုန်းတော်ကြီးမှာ ချက်ချင်း ခေါင်းညိတ်ပြသည်။

''ထားခဲ့တယ်''

ဒေါက်တာကေဇက်လည်း ဝမ်းသာအားရဖြစ်သွားပြီး...

''အဲ့ဒါ ခဏပြပါ''

''ဒါပေမယ့်''

++++++··········++++++

''ဘာဖြစ်လဲ''

''လူတိုင်းသိတဲ့ပုံပြင်တစ်ပုဒ်ကိုပဲ သိတာ''

''လူကိုင်းသိတဲ့ပုံပြင်ဟုတ်လား''

''အင်း...ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကေဇက် နားရှုပ်ထွေးသွားသည်။

"ရှင်းအောင်ပြောစမ်းပါဦး"

"ဒီလိုပါ"

❒





(၂၇)

"အဲဒီ အိမ်နံပါတ် 25 ကိုသိဖို့အတွက် စာအုပ်လေး တစ်အုပ် ...ပါတယ်"

ဒေါက်တာက လင်းဝေကို ပြောလိုက်သည်။

လင်းဝေကလည်း စိတ်လှုပ်ရှားစွာနှင့် နားထောင်နေသည်။

"အဲဒီစာအုပ်က ဘယ်မှာလဲ"

"အုတ်ဂူတစ်ခုထဲမှာ"

"ဟင်...ဘယ်လို"

ဆူဇန်က သူ့ဘေးနားသို့ လာပြောင်းထိုင်သည်။

"ဒီမြို့လေးမှာ သင်္ချိုင်းရှိတယ်။ အဲဒီသင်္ချိုင်းမှာ ဒီမြို့ရဲ့ ...ဥ်အဆက် ဘုန်းတော်ကြီးတွေကို သီးသန့်နေရာမှာ မြှုပ်လေ့ ...တယ်။ ဘုန်းတော်ကြီးသီးသန့်နေရာပေါ့"

"ဒါဆို သွားယူရမယ်ထင်တယ်"

"ဒါပေမယ့် ဘယ်အုတ်ဂူမှာရှိမှန်းမှမသိတာ"

www.burmeseclassic.com

www.burmeseclassic.com



"အုတ်ဂူက ဘယ်နှစ်လုံးတောင် ရှိလို့လဲ"

"ကွယ်လွန်သွားတဲ့ ဘုန်းတော်ကြီး ၂၆ ယောက်ရှိတယ် ဆိုတော့ အုတ်ဂူ ၂၆ ဂူပေါ့"

"တစ်ခုချင်းစီ လိုက်ရှာကြည့်မယ်ဆိုရင်ရော"

"တစ်ဂူနဲ့တစ်ဂူက တော်တော်ကြီးကို ဝေးတယ်၊ မှားလို့ လည်းမဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဂူမှားပြီးကြည့်မိရင် စာအုပ်လေးထည့်ထားတဲ့ဂူအမှန်ကို မသိတော့ဘူးဆိုတဲ့ အယူအဆရှိတယ်"

"ဟာ…ဟုတ်လို့လား"

လင်းဝေက စောဒကတက်ပြီးပြောသည်။

"အဲဒါတော့ မပြောတတ်ဘူး။ ငါတို့ကတော့ ဂူတစ်ခုနဲ့ တစ်ခုရှာနေရင်း သူတို့နဲ့တိုးနိုင်တယ်"

ဒေါက်တာပြောသောသူတို့မှာ , ရောဂါဖြစ်နေသူများကို ပြောခြင်းဖြစ်သည်။

"ဒါဆို ကျွန်တော်တို့က လမ်းစပျောက်ပြီပေါ့"

"မပျောက်တော့ မပျောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမြို့ လေးမှာ အဲဒီဂူလေးကို ညွှန်ပြထားတယ်ဆိုတဲ့ ပုံပြင်လေးတစ်ခုရှိတယ်"

"ဟုတ်လား…ဘာတဲ့လဲ"

လင်းဝေ စိတ်ဝင်စားသွားသည်။



သူ ဒီမြို့က အရမ်းထွက်ချင်နေပြီဖြစ်သည်။

ဒေါက်တာက စဉ်းစားလိုက်ပြီး တစ်ဖက်ပါ ပုံပြင်တိုလေး အား ပြောပြသည်။

www.burmeseclassic.com

တစ်ခါတုန်းက....

- ဘယ်ထောင့်ကကြည့်ကြည့် ပုံသဏ္ဌာန်တူတဲ့ ချစ်သူနှစ်ဦးရှိတယ်။
- တစ်နေ့ သူတို့နှစ်ယောက် အိမ်ထောင်ကျတော့ သားလေး တစ်ယောက်ရတယ်။
- အဲ့ဒီသားလေးကလည်း သူတို့နှစ်ယောက်နဲ့ အရမ်းတူတယ်။
- တူတာတွေကိုဖယ်မယ်ဆိုရင်တောင် သူ့အဖေနဲ့တူတာလေးတွေ ကျန်ခဲ့သေးတယ်။

www.burmeseclassic.com



"ဟင်…အဲဒါ ပုံပြင်ကြီးလား"

လင်းဝေ စိတ်ညစ်သွားသည်။

"ဟုတ်တယ်…အဲဒီပုံပြင်လေးနဲ့အတူ စာရွက်လေးတစ်ရွက်လည်း ပူးတွဲသိကြသေးတယ်"

"ဘယ်လိုစာရွက်လေးလဲ"

"အဲဒါမပြောခင် ဘုန်းတော်ကြီး ၂၆ ယောက်ရဲ့ထူးဆန်းတဲ့အချက်လေးတစ်ခုရှိတယ်"

"ဘာလဲ"

"အဲဒီ ၂၆ ယောက်လုံးရဲ့ နာမည်အစတွေဟာ A ကနေ Z အထိဖြစ်နေတယ်"

"ဘယ်လို"

"ဒီလိုလေ၊ ပထမဘုန်းကြီးရဲ့နာမည်က A နဲ့စတယ်… ဒုတိယဘုန်းတော်ကြီးနာမည်က B နဲ့စတယ်"

"နောက် ဘုန်းကြီးတွေရဲ့နာမည်တွေကလည်း C, D, E, F နဲ့စတယ်ပေါ့"

"ဟုတ်တယ်…၂၆ ယောက်ဆိုတော့ နောက်ဆုံးသေဆုံးသွားတဲ့ဘုန်းကြီးနာမည်က Z နဲ့စတယ်"

"ထူးဆန်းလိုက်တာ"

ငြိမ်နေသောဆူဇန်ပင် တအံ့တဩနှင့်ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ထူးဆန်းတာက သူတို့ ၂၆ ယောက်လုံးရဲ့ စိတ်နေသဘောထားတွေကို အင်္ဂလိပ်စာနဲ့ ဖော်ပြထားတဲ့စာရွက်ပဲ"

"ပုံပြင်နဲ့ ပူးတွဲသိတယ်ဆိုတဲ့ စာရွက်လား"

"ဟုတ်တယ်"

"ဒေါက်တာ့ဆီမှာ အဲဒီစာရွက်ရှိလား"

"မရှိတော့ မရှိဘူး။ ဒါပေမယ့် ဒီမြို့သားတစ်ယောက်ဆီမှာ တွေ့ဖူးတယ်"

"မှတ်မိလား ဒေါက်တာ" ဒေါက်တာမှာ စဉ်းစားပြန်သည်။

ထို့နောက် သူ့အိတ်ထဲမှ စာရွက်တစ်ရွက်ယူကာ ရေးကြည့်လိုက် ဖျက်ကြည့်လိုက် လုပ်နေသည်။

အချိန်အတော်ကြာသွားသောအခါမှ ဒေါက်တာသည် ဘောလ်ပင်အားချထားလိုက်ပြီး သူ့စာရွက်အား လင်းဝေလက်ထဲသို့ လှမ်းပေးလိုက်သည်။

"ပုံစံကတော့ ဒီလိုပုံစံပဲကွ"

လင်းဝေ ယူကြည့်လိုက်သည်။

ဆူဇန်ကလည်း သူနှင့်အတူ ဝင်ကြည့်၏။

ပုံစံဆန်းလှသောအမြင်ဖြင့် လုပ်ထားသည့် ဘုန်းတော်ကြီး ၂၆ ယောက်၏စိတ်နေသဘောထားကို တွေ့ရသည်။



ဥပမာ A = Angry man

(စိတ်တိုတတ်တဲ့သူ)

B = Brave man

(ရဲရင့်တဲ့သူ)

စသည့် ပုံစံလေးတွေဖြင့် ဖော်ပြထားသည်။

ပြီးနောက် ပုံပြင်တိုလေးကိုလည်း ကြည့်မိသည်။

❐

www.burmeseclassic.com

## (၂၈)

"ဘာကြောင့် ဘုန်းတော်ကြီးက ဒီလျှို့ဝှက်ချက်ကို မသိ
ရတာလဲ"

ဒေါက်တာကေဇက်သည် ဘုန်းတော်ကြီးလှမ်းပေးသော
စာရွက် နှစ်ရွက်ကိုကြည့်ပြီး ပြန်မေးလိုက်သည်။

"အရင်ဘုန်းတော်ကြီး ၂၆ ယောက်လုံးက ဒီလျှို့ဝှက်ချက်
ကို တိုက်ရိုက်သိကြပါတယ်။ အခု ကျွန်တော်က တိုက်ရိုက်မသိ
တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ A ကနေ Z အထိပဲ တိုက်ရိုက်သိ
ခွင့်ရပါတယ်။ နောက်ထပ် ဘုန်းတော်ကြီးတွေက အဲဒီလျှို့ဝှက်
ချက်တွေရဲ့ သဲလွန်စတွေကို ဖော်ပြီးမှပဲသိရပါတယ်"

ဘုန်းတော်ကြီး တကယ်ပြောနေမှန်း ရိပ်မိလိုက်သည်။

"ဒါဆို လျှို့ဝှက်ချက် ဖော်လို့ရပြီလား"

"မရသေးဘူး"



သူ ဆက်ပြောချင်စိတ်မရှိတော့...။

သူ့လက်ထဲတွင်ကိုင်ထားသော စာရွက်နှစ်ရွက်ကိုသာ ကြည့်လိုက်သည်။ ဘာအဓိပ္ပာယ်မှန်းမသိ...။

သေချာတာကတော့ သူတို့မဖမ်းမိသေးသောသူစိမ်းသည်လည်း ဒီအချက်အလက်တွေ သိနိုင်လောက်သည်ဟု တွေးမိသည်။

သူတို့ သိသွားပြီလား...။

မဖြစ်နိုင် ဒီလျှို့ဝှက်ချက်ကို သူ အရင်သိအောင်လုပ်ရမည်။

ဒါမှ သူတို့တွေ ဒီလျှို့ဝှက်ချက်ကိုသုံးပြီး ဒီမြို့က ထွက်သွားလို့မရမှာ...။ ထိုစဉ်....

သူ့လူတစ်ယောက်ကောက်ရ၍ လာပေးထားသော ဉာဏ်စမ်းဆေးတစ်ခုကို သွားသတိရသည်။

ထို့ကြောင့် ထိုင်ရာမှထလိုက်ပြီး ဉာဏ်စမ်းအား လိုက်ရှာလိုက်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

"ဒါဆို ကျွန်တော်တို့က ဒီပဟေဠိဖော်နိုင်ရင် အုတ်ဂူထဲ စာအုပ်ရမယ်။ စာအုပ်ရရင် အိမ်နံပါတ် 25 ကိုသိမယ်။ အဲ့ဒါဆိုရင် ဒီမြို့ကထွက်လို့ရပြီပေါ့"

"ဟုတ်တယ်"

လင်းဝေ အားတက်သွားသည်။

ခူနက ရေးဆွဲထားသောစာရွက်နှစ်ရွက်ကို ထပ်ကြည့်ပြန်သည်။

ဆူဇန်ကလည်း "သူလည်း ကြည့်ချင်တယ်" ဟု ဆိုသောကြောင့် လှမ်းပေးလိုက်သည်။

သူမကလှမ်းယူပြီး တစ်နေရာတွင် သွားထိုင်နေသည်။

ထို့နောက် ဘာစိတ်ကူးပေါက်သည်မသိ။ ထလိုက်ပြန်သည်။

သူလည်း ဘာရယ်မဟုတ် သူမရဲ့လှုပ်ရှားမှု အမူအယာကို ကြည့်နေမိပြန်သည်။





စာရွက်လေးကိုင်ရင်း သူမက လမ်းလျှောက်နေပြန်သည်။

စာရေးနေသောဒေါက်တာ့အားလည်း သူမ မရှင်းသည့် အချက်များကို မေးနေပြန်၏။

အနေအထားအရ သူမကို ဘေးစောင်းမြင်နေရသည်။

ဆူဇန်သည် သူ့ဘက်ကို လှည့်လိုက်ပြန်သည်။

သူက သူမအား အတည့်မြင်ရပြန်သည်။

သူ့မျက်လုံးထဲတွင် လက်ကနဲဖြစ်သွားသည်။

ဘက်စုံအမြင်…။

ထို့နောက်…

"ဆူဇန် ခုနကစာရွက်လေး ခဏလောက်"

ဟု လှမ်းတောင်းလိုက်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

A B C D E F

G H I J K

L M N O P

Q R S T U

V W X

Y Z

မေးခွန်း ။ ။ တစ်ဖက်ပါ အက္ခရာ ၂၆လုံးတွင် ပူးတွဲ အက္ခ
နှစ်လုံး၏ လေးဖက်ကြည့်အမြင်လေးခု ပါရှိသည်
၎င်းလေးဘက်ကြည့်အမြင်လေးခုပေါင်းခြင်းသည်
အက္ခရာတစ်စုချင်းစီ၏ လေးဘက်ကြည့်အမြင်များ
ထပ်မံရရှိပါသည်။
ရရှိသောအဖြေအား ဖော်ပြပါ။





သူ့လူကောက်ရလာသောစာရွက်သည် ယခု ဘုန်းတော်ကြီး ပေးထားသောစာရွက်နှင့် ဆက်စပ်မှုရှိလိမ့်မည်ဟု ထင်မိသည်။

ထို့ကြောင့် ထိုပဟေဋ္ဌိကိုပဲ စတင်စဉ်းစားလိုက်သည်။

ပထမဆုံး အက္ခရာ ၂၆ လုံး၏ ပူးတွဲအက္ခရာဆိုတော့…

ပြီးတော့ လေးဘက်ကြည့်အမြင်လည်း ရှိရဦးမည်။

ဘာရယ်ညာရယ်မဟုတ် အက္ခရာ ၂၆လုံး၏ အလယ်အက္ခရာ နှစ်လုံးကို ရွေးချယ်လိုက်သည်။

A B C D E F

G H I J K

L M N O P

Q R S T U

V W X

Y Z

အက္ခရာ ၂၆လုံးအား ၁၂လုံးစီခြမ်းလိုက်သောအခါ အလယ် တွင် MN ကိုတွေ့ရသည်။

လေးဖက်ကြည့်အမြင်….

လေးဖက်ကြည့်အမြင်….

သူ ထပ်စဉ်းစားပြန်သည်။



www.burmeseclassic.com

အချိန်ကြာသည်အထိ ဘာမှ ထပ်စဉ်းစား၍မရ…။

လမ်းလျှောက်နေရင်းမှ အချက်တစ်ချက်ကို သူ သွားသတိ ထားမိသည်။


❐



## (၃၁)

"ဘယ်လောင့်ကကြည့်ကြည့် ပုံသဏ္ဍာန်တူတဲ့ ချစ်သူနှစ်ဦး ဆိုတော့ ဒီအက္ခရာတွေထဲမှာ ဘယ်လောင့်ကကြည့်ကြည့် အက္ခရာ သဏ္ဍာန်ထွက်နိုင်တဲ့ ပူးတွဲစာလုံးရှိရမယ်"

သူက ဆူဇန်ကိုပြောလည်းပြောရင်း စာရွက်ပေါ်တွင် အက္ခရာ စာလုံးအား ဝိုင်းချလိုက်သည်။



www.burmeseclassic.com



သူ့အပြောကြောင့် ဒေါက်တာလည်း စိတ်ဝင်စားလာပြီး ထိုင်နေရာမှ ထလာသည်။

''ဘယ်ထောင့်ကကြည့်ကြည့်ဆိုတော့…ဒီလိုရေးကြည့်အောင်''

ဟုဆိုလိုက်ပြီး လင်းဝေစာလုံးအချို့ကို ချရေးပြန်သည်။

| M | N |
|---|---|

ထိုအရာကိုပဲ မတူညီတဲ့ နေရာမှကြည့်သောအခါတွင် အောက်ပါပုံအတိုင်း ထပ်တွေ့ရပြန်သည်။

| Ʒ |
|---|
| Z |

| N | W |
|---|---|

| Z |
|---|
| Σ |

''ဟင်''

ရရှိလာသောအဖြေကြောင့် ဆူဇန်အံ့သြသွားသည်။

ထောင့်လေးထောင့်ကကြည့်ရင် 3, Z, E နှင့် အခြား[illegible] အက္ခရာများကို ပြန်မြင်ရသောကြောင့်ဖြစ်သည်။



သူတို့အားလုံးမှာ ရရှိလာသောအဖြေကို စိတ်ဝင်စားလာကြသည်။ ထို့ကြောင့်…

ဆက်လက်စဉ်းစားကြပြန်သည်။

''သူတို့နှစ်ယောက်က လက်ထပ်လိုက်တယ်ဆိုတော့ ပေါင်းသင်းတာနဲ့ အတူတူပဲပေါ့။ တစ်နည်း…ပုံသဏ္ဍာန်တွေပေါင်းတာဖြစ်နိုင်ဘူးလား''

သူက ဒေါက်တာနှင့်ဆူဇန်ကို စဉ်းစားရင်းနှင့် မေးလိုက်သည်။

သူတို့က ခေါင်းညိတ်ပြသည်။

ထို့ကြောင့် လင်းဝေက စာရွက်ပေါ်တွင် ဆက်လက်ရေးချပြန်သည်။

| | | |
|---|---|---|
| | M | N |
| (ပေါင်းသင်းသည်) | Ʒ | Z |
| | N | W |
| | Z | Σ |

M Ʒ N Z N Z W Σ (ရရှိလာသောကလေး)

''တူတာတွေဖယ်မယ်ဆိုရင်တောင်လို့ ပြောထားတယ်မဟုတ်လား''

''အင်း''

''ဒီတော့…''

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး ရရှိလာသော အဖြေများထဲမှ တူတာများကို မြင်

ချလိုက်သည်။

M N

Ƹ Z

W N

Z Σ

---

M Ƹ N Z N Z W Σ

M Ƹ W Σ

"အို"

ဒီတစ်ခါတော့ လင်းဝေ အံ့သြသွားခြင်းဖြစ်သည်။

"ဘာ...ဘာဖြစ်လို့လဲ"

ဆူဇန်က စိတ်လှုပ်ရှားစွာဖြင့် ဝင်မေးသည်။

"အားလုံးကို ဖယ်လိုက်ရင် သူ့အဖေနဲ့တူတာကျန်ခဲ့တယ် ဆိုတော့ M က သူ့အဖေပေါ့။ ဘာကြောင့်ဆိုရလာတာရဲ့အဖြေ အားလုံးက M ကို လေးဘက်ကြည့်တဲ့အမြင်တွေပဲလေ"

"ဟင်...ဟုတ်တယ်နော်"

ဒေါက်တာမှာ သူ့လက်ထဲကစာရွက်ကို ယူကြည့်သည်။

"ဟုတ်တယ်...လင်းဝေ၊ ဒီတော့ သူတို့ဆိုလိုချင်တာက"

ဟု ရပ်လိုက်ပြီး လင်းဝေကိုကြည့်လိုက်သည်။



"ကျွန်တော့်အထင်ပြောရရင် အိမ်နံပါတ် 25 ကိုသိနိုင်တဲ့ စာအုပ်ဟာ M နာမည်ပါတဲ့ ဘုန်းတော်ကြီးအုတ်ဂူမှာ ရှိလိမ့်မယ်"

အားလုံး၏ မျက်ဝန်းများသည် အရောင်တောက်သွားကြ သည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

ဒေါက်တာကေဇက်သည် သူ့လက်ထဲတွင် ကိုင်ထားသော အဖြေကို တစ်ခေါက်ထပ်ကြည့်လိုက်သည်။

M Ʃ W Σ

ထို့နောက် သူ့လူများဘက်လှည့်ကာ…

"ဘုန်းတော်ကြီး သင်္ချိုင်းသွားရအောင်"

ဟုပြောလိုက်၏။

သူ့လူကလည်း သတိပေးသည်။

"အပြင်မှာ မိုးတော့ချုပ်နေပြီ"

"ရတယ်…အခုပဲသွားမယ်"

ဟုပြောလိုက်ပြီး ထိုင်ရာမှထလိုက်လေတော့သည်။

❒

## (၃၃)

ညသည် မှောင်မိုက်နေသည်။ လ၏အရောင်ကြောင့် မြို့လေးသည် ခပ်ဖျော့ဖျော့လင်းနေ၏။

ထိုစဉ် လူသုံးယောက်သည် အိမ်တစ်ခု၏နံရံအား ကပ်ပြီး အရွေ့ရွေ့လှုပ်ရှားနေသည်။ ယောကျ်ားလေးနှစ်ယောက်နှင့် မိန်းကလေး တစ်ယောက်ဖြစ်သည်။

မိန်းကလေးသည် ယောကျ်ားလေးတစ်ယောက်၏လက်အား တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထား၏။

သူတို့ တစ်လှမ်းခြင်းလျှောက်လှမ်းနေပုံက ခြောက်ခြားစရာ ကောင်းလှသည်။

"ဒေါက်တာ သင်္ချိုင်းကုန်းက ဝေးတော်တော်ဝေးသေးလား"

ယောကျ်ားလေးတစ်ယောက်က ကျန်တစ်ယောက်ကို တိုးတိုး လေးလှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အမေးခံရသောတစ်ယောက်က အမှောင်ထဲမှာပင် ခေါင်းညိတ်ပြပြီး...

"နည်းနည်းတော့ဝေးတယ်"

ဟု တိုးတိုးလေးပြန်ဖြေသည်။

ညဥ့်ငှက်များ၏အော်သံကို ကြားလိုက်ရသည်။

ဆူဇန်တွန့်သွား၏။

လင်းဝေဘက်သို့ ပို၍တိုးကပ်ကာ ထပ်ကြပ်မကွာလိုက်နေသည်။

"ဆူဇန် ကြောက်နေလား"

"အင်း"

"နေခဲ့ပါလို့ ပြောသားပဲ"

"ဟာ...တစ်ယောက်တည်း ပိုကြောက်တာပေါ့"

နှုတ်ခမ်းလေးစူပြီးပြောသည်။

လင်းဝေရင်ထဲတွင် တစ်မျိုးတမည် ခံစားသွားရသည်။

"ရှူး"

ရှေ့ကသွားနေသော ဒေါက်တာ၏သတိပေးချက်ကြောင့် သူတို့နှစ်ယောက်စလုံး သတိအနေအထားဖြစ်သွားသည်။

အိမ်တစ်လုံး၏နံဘေးတွင် ရောက်နေခြင်းဖြစ်သည်။

ဒေါက်တာက ဓာတ်မီးပိတ်လိုက်သည်။

ထို့နောက် လင်းဝေအား အချက်ပြလိုက်သည်။



ဒေါက်တာပြသောနေရာသို့ ကြည့်လိုက်ရာ လူနှစ်ယောက်ရှိနေသည်ကို တွေ့ရသည်။ ပုံစံတွေအရ ကင်းစောင့်နေသည့်ပုံပေါ်သည်။

မြေကြီးပေါ်တွင်ထိုင်ပြီး စကားပြောကာ ထိုလမ်းကို ကင်းစောင့်နေပုံရသည်။

"သူတို့နှစ်ယောက် စောင့်နေတဲ့လမ်းက သချိုင်းကိုသွားတဲ့လမ်းပဲ"

ဒေါက်တာက တိုးတိုးလေး ပြောပြန်သည်။

"အခြားလမ်းမရှိဘူးလား"

"ဟင့်အင်း ဒီတစ်လမ်းပဲရှိတယ်"

ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

လရောင်မှာ တစ်ယောက်မျက်နှာတစ်ယောက် မြင်နိုင်သည့်အနေအထားဖြစ်သည်။ သူတို့ရောက်နေသော အိမ်ဘေးနားတွင်လည်း အိမ်အနည်းငယ်ရှိနေသည်။

လမ်း...။ ထိုလမ်း၏အဝင်ကို သူတို့နှစ်ယောက်က ပိတ်ဆို့နေကြခြင်းဖြစ်သည်။

ဘာလုပ်ရင်ကောင်းမလဲ...။

ဒေါက်တာနှင့်ဆူဇန်မှာ သူ့ကိုကြည့်နေသည်။

သူတို့လည်း ဘာတစ်ခုမှ စဉ်းစားမိပုံမရချေ...။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ထိုင်နေသောအပေါ်တွင် ခုတ်ကြိုးဟောင်းတစ်ခုရှိနေသည်ကို သတိထားမိသည်။

လင်းဝေသည် သူတို့ရပ်နေသော အိမ်ဘေးနားတွင် ထိုင်ချလိုက်သည်။ ဒေါက်တာနှင့်ဆူဇန်မှာလည်း လိုက်ထိုင်သည်။

"ဘာလုပ်ကြမလဲ…လင်းဝေ"

လင်းဂေက လက်ကာပြသည်။

အိမ်၏အစွန်းနားသို့ တိုးကပ်သွားလိုက်သည်။ သူ့နောက်တွင် ဆူဇန်၊ ဆူဇန်နောက်မှ ဒေါက်တာက လိုက်လာသည်။

ကင်းစောင့်နေသော လူနှစ်ယောက်ကို မြင်ကွင်းခပ်ရှင်းရှင်းမြင်နေရသည်။ ထို့ပြင် သူတို့စကားပြောနေသည်ကို ကြားလိုက်ရသည်။

"ဒေါက်တာကေဇက်က အင်္ဂလိပ်စာကို သချ်ာနည်းနဲ့ဖော်သွားတာပဲ"

ပထမတစ်ယောက်က ဒုတိယတစ်ယောက်ကို ပြောသည်။

"ဘာလဲ မင်းက သချ်ာကို စိတ်ဝင်စားလို့လား"

"ဟ…စိတ်ဝင်စားတာပေါ့"

"ဒါဆို ငါနဲ့အတူတူပဲ။ ငါလည်း စိတ်ဝင်စားတယ်"

ဟုဆိုပြီး သချ်ာအကြောင်းအရာများကို ငြင်းခုန်ပြောနေကြတော့သည်။

ဒေါက်တာက လင်းဝေကို လက်ကုတ်လိုက်ပြီး…

"အရင်တုန်းက ဒီမြို့လေးရဲ့ကျောင်းမှာ သူတို့က သချ်ာသင်ပေးတာလေ"





ဟု ကပ်ပြောသည်။

ထိုစဉ် သူတို့နှစ်ယောက်ထိုင်နေသောနေရာနှင့် ခပ်လှမ်းလှမ်းအကွာရှိ ခုတ်ကြိုးအပေါ်တွင် ညဉ့်ငှက်တစ်ကောင်လာနားသည်ကို တွေ့လိုက်သည်။

"ဒေါက်တာ"

"ဟေ"

"စာရွက်နဲ့ ဘောလ်ပင်ပါလား"

"ခဏလေး ကြည့်လိုက်ဦးမယ်"

ဟုဆိုပြီး သူသွားလေရာယူတတ်သော အိတ်ကြီးအား ဖွင့်လိုက်သည်။

"အေး ပါတယ်၊ ဘာလုပ်မလို့လဲ"

လင်းဝေက ဒေါက်တာ့အမေးကို မဖြေသေးဘဲ စာရွက်နှင့်ဘောလ်ပင်အား ဆွဲယူလိုက်သည်။

ထို့နောက် တစ်စုံတစ်ခုရေးခြစ်လိုက်ပြီး ဘေးနားတွင် ခဲလုံးသေးသေးတစ်ခုရှာကာ စာရွက်နှင့် လုံးလိုက်၏။

ညဉ့်ငှက်ကို လှမ်းကြည့်လိုက်သည်။ နားနေဆဲဖြစ်သည်။

ထို့ပြင် ကင်းစောင့်နှစ်ယောက်မှာလည်း စကားဆက်ပြောငြင်းခုန်နေကြသေးသည်။

တော်တော်ကြီးကို စိတ်ဝင်တစားငြင်းခုန်နေကြပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းဝေက လက်ထဲရှိခဲလုံးနှင့် လုံးထားသောစာအား ညှိ ငှက်ရှိသည့်နေရာသို့ လှမ်းပေါက်လိုက်သည်။

''ဒေါက်''

''ဖလပ်....ဖလပ်''

ညှိငှက် ထပြန်သွားသည်။

ကင်းစောင့်နှစ်ယောက်က ထိုနေရာသို့ ဆတ်ခနဲလှည့်ကြည့် သည်။

သူတို့ တစ်စုံတစ်ခု မြင်လိုက်ပုံရသည်။

နှစ်ယောက်လုံး တပြိုင်နက်ထဲ ထကာ ထိုနေရာသို့ တစ် လှမ်းခြင်း လှမ်းသွားသည်ကို မြင်တွေ့ရသည်။

လမ်းနားတွင် အိမ်တစ်လုံးအားတွေ့ရသည်။

ခပ်မှောင်မှောင်နေရာလေးဖြစ်သည်။ သူတို့ရောက်နေသော နေရာနှင့် သိပ်မဝေးချေ...။

ကင်းစောင့်နှစ်ယောက်သည် လင်းဝေပစ်လိုက်သော ခဲလုံး နှင့်စာကိုတွေ့သွားပြီဖြစ်သည်။

ညအမှောင်ဝေဝေဝါးဝါးအောက်မှာ ဖြူနေသည့်စာတစ်စောင်...

''ငှက်ချီလာတာဖြစ်မယ်''

ဟုတစ်ယောက်က ဆိုလိုက်ပြီး စာအား လှမ်းကောက်နေ သည်ကို မြင်လိုက်ရသည်။

လင်းဝေ၏ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။





ကျန်နှစ်ယောက်၏စိတ်ထဲတွင်လည်း စိုးရိမ်စိတ်နှင့်အတူ နားမလည်ခြင်းများကလည်း ရောထွေးနေသည်။

စာကောက်လိုက်သောသူက စာကိုဖတ်ကြည့်ပြီး ဒွိဟဖြစ် သွားပုံရသည်။ ကျန်တစ်ယောက်က ဆတ်ခနဲဆွဲယူသည်။

''ဘာလဲကွ...ဒီဘက်လာ၊ ဒီဘက်မှာလင်းတယ်''

ဟုဆိုပြီး ခပ်လှမ်းလှမ်းသွားကြသည်။

ပြီးနောက် ငြင်းခုန်နေသံများကို ကြားလိုက်ရသည်။

''သွားရအောင်''

လင်းဝေက တိုးတိုးလေးကပ်ပြောသည်။

အိမ်၏မှောင်ရိပ်ကိုကပ်ကာ တရွေ့ရွေ့တိုးသွားလိုက်သည်။

ဟိုနှစ်ယောက်မှာ ငြင်းခုန်နေဆဲဖြစ်သည်။

တစ်ယောက်ကလက်ခံပြီး ကျန်တစ်ယောက်က လက်မခံ သည့် အယူအဆကို ကြားလိုက်ရသည်။

တစ်အိမ်...

နောက်တစ်အိမ်၏မှောင်ရိပ်ထဲသို့ ကူးလိုက်သည်။

အိမ်နံရံအားကျောကပ်ပြီး တရွေ့ရွေ့နှင့် ရွေ့လျားလိုက်ပြန် သည်။

တစ်ယောက်က သူတို့နေရာပြန်သွားရန်ပြောသည်ကို ကြား လိုက်ရသည်။

အမှောင်ရိပ်ထဲက သူတို့သုံးယောက် ထိတ်လန့်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ယောက်က သဘောမတူဘဲ ဒီကိစ္စစဉ်းစားပြီးမှ သွားမည်ဟုဆိုသည်။

နှစ်အိမ်…

သုံးအိမ်…မြောက်အိမ်အား ပြေးကပ်လိုက်သည်။

ရှေ့တွင် တစ်အိမ်ပဲကျန်တော့သည်။

ထိုစဉ် နှစ်ယောက်ထဲမှ တစ်ယောက်က ဘာမပြော ညာမပြောဘဲနှင့် လမ်းမဘက်ပြန်လာနေသည်ကို တွေ့ရသည်။

"ပြန်လာနေပြီ"

ဆူဇန်က ကြောက်ရွံ့သံဖြင့်ပြောသည်။

လင်းဝေက ဆူဇန့်လက်ကိုကိုင်ကာ နောက်ဆုံးကျန်နေသော အိမ်၏မှောင်ရိပ်ထဲသို့ ပြေးဝင်လိုက်သည်။

ဒေါက်တာ…။

ဒေါက်တာသည် နောက်ဘက်ကအိမ်၏ အမှောင်ရိပ်ထဲတွင် ရပ်ပြီး ကျန်ရစ်ခဲ့သည်။

ပြန်လာနေသောတစ်ယောက်မှာလည်း လမ်းနားသို့ရောက် တော့မည်ဖြစ်သည်။ ဒေါက်တာမှာ ကြောင်ပြီးရပ်နေသည်။

လှမ်းလာနေသောလူမှာလည်း ဒေါက်တာကိုမမြင်သေးချေ…

သူလှမ်းလာနေသော တည့်တည့်အိမ်တွင် ဒေါက်တာမှာ မလှုပ်မယှက် ရပ်နေရခြင်းဖြစ်သည်။

ဒေါက်တာမှာ ဇောချွေးပြန်နေပုံရသည်။





သူ့ကိုမြင်သွားရင်…။

မြင်သွားနိုင်သည်။

စသည်တို့ကိုတွေးရင်း မျက်စိမှိတ်ထားလိုက်သည်။

ထိုစဉ်…

"ဒါက နောက်ထားတာပါဆိုပြီး မင်းပြောတာကို ငါလက်ခံပါတယ်။ ကဲ ကျေနပ်ပြီလား"

ဟုဆိုပြီး ကျန်ခဲ့သောလူက လှမ်းအော်ပြောသည်။

ဒေါက်တာ မျက်လုံးဖွင့်သည်။

လမ်းဆီသို့ လှမ်းလာသောသူက သူ့အဖော်၏အသံကြောင့် နောက်သို့ လှည့်ကြည့်သည်။

ထိုခဏလေးအတွင်းမှာပဲ ဒေါက်တာသည် နောက်ဆုံးအိမ်၏ မှောင်ရိပ်ထဲသို့ လှမ်းဝင်လိုက်ပြီးဖြစ်နေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

“စာရွက်ထဲမှာ ဘာတွေ ရေးထည့်လိုက်တာလဲ”

ဆူဇန်က လင်းဆေနောက်မှကပ်လိုက်ရင်း တိုးတိုးလေးမေး
သည်။

“သြော်…ဘာရယ်မဟုတ်ပါဘူး။ သူတို့က သင်္ချာအကြော
အရာတွေပြောနေကြတော့ သင်္ချာလိုနောက်ပြောင်ထားတဲ့ တွက်ချက်
လေး သတိရပြီး ရေးထည့်လိုက်တာပါ”

“ဘာရေးလိုက်တာလဲ”

လင်းဆေလည်း အမှောင်ထုထဲမှာ လမ်းလျှောက်ရင်းပြော
နေရသည်။

သူရေးပေးလိုက်သော အကြောင်းအရာကိုလည်း နှုတ်
ပြောပြလိုက်၏။





$$\frac{\text{Sin } x}{n} =$$

$$\frac{\text{Sin } x}{n} =$$

$$\text{Six} = 6$$

ဆူဇန်က တိုးတိုးလေးရယ်သည်။

“သူ့ဟာနဲ့သူတော့ ဟုတ်နေတာပဲ” ဟုပြော၏။

ထိုစဉ် အရှေ့ကလျှောက်နေသော ဒေါက်တာ၏ခြေလှမ်းများ
သွားသည်။

သူတို့လည်း လိုက်ရပ်လိုက်သည်။ သူတို့ရှေ့တွင် လူတစ်စု
နေသည်ကို တွေ့ရသည်။

သူတို့သွားမည့်လမ်းအတိုင်း သွားနေခြင်းဖြစ်သည်။

“အဲဒါ ဒေါက်တာကေဇက်လေ။ သူ့ဘေးနားကတော့ ဒီ
ရဲ့ဘုန်းတော်ကြီးပေါ့”

ဒေါက်တာပြောလိုက်သည့်စကားကြောင်း လင်းဆေ ထိတ်
သွားသည်။

“သူတို့ဘယ်သွားနေကြတယ်လို့ထင်လဲ ဒေါက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလမ်းက သင်္ချိုင်းသွားတဲ့လမ်းဆိုတော့ သူတို့လည်း သင်္ချိုင်းကိုသွားနေတာပဲဖြစ်မှာပေါ့"

"အုတ်ဂူကို ရှာမလို့ထင်တယ်"

"ဖြစ်နိုင်တယ်"

"ပုံစံတွေက ဘယ်အုတ်ဂူမှာရှာရမလဲဆိုတာ သိပြီးလောက်ပြီ"

"သေချာတယ် လင်းဝေ၊ သူတို့ သိပြီးလောက်ပြီ"

သူတို့သုံးယောက်မှာ မကြံတတ်အောင်ပင်ဖြစ်သွားသည်။

ဒေါက်တာကေဇက်တို့သာ အိမ်နံပါတ် 25 စာအုပ်သာရရှိ ပါက သူတို့မှာ ဒီမြို့က ထွက်ရမယ့်လမ်း ပိတ်သွားပြီဖြစ်သည်။

နောက်ကလိုက်သွားပြီး သူတို့နဲ့ယှဉ်လုဖို့လည်း မဖြစ်နိုင်...

"သင်္ချိုင်းကို သူတို့ထက်အရင်ရောက်အောင်သွားဖို့အတွက် ဖြတ်လမ်းမရှိဘူးလား"

"ဟင့်အင်း မရှိဘူး"

ဒေါက်တာကလည်း စိတ်ဓာတ်ကျစွာဖြင့် ခေါင်းခါပြသည်။

သူ ဘာလုပ်ရမလဲ...။

အိမ်နံပါတ် 25 တွင် ဘာတွေရှိမှန်းမသိသော်လည်း သူ့ အတွက်တော့ အရေးကြီးလှသည်။

သူတို့ရှေ့မှသွားနေသော ဒေါက်တာကေဇက်အဖွဲ့မှာ သူ နှင့်တော်တော်ဝေးသွားပြီဖြစ်သည်။

သင်္ချိုင်း...။





အုတ်ဂူ....။

သင်္ချိုင်းကိုသွားတဲ့လမ်းတစ်လမ်း....။

ဆူဇန်အတွက် ဆေးသွားယူတုန်းကတွေ့ခဲ့သော တိုလီမိုလီ ဆိုင်ထဲမှ အရာတစ်ချို့ကို သွားသတိရသည်။

"ဒေါက်တာ...ဒီနားမှာ နည်းနည်းမြင့်တဲ့ ဘာအဆောက် အဦရှိလဲ"

❦

❒



www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

ဒေါက်တာကေဇက်၏ ခြေလှမ်းများ ရပ်တန့်သွားသည်။ သူရပ်လိုက်သောကြောင့် နောက်မှလိုက်လာသောသူများလည်း ရပ်သွားသည်။

မြင်ကွင်း…။

အရှေ့တွင် သနိုင်းကုန်းကို လှမ်းမြင်နေရသည်။

မှောင်နေ၏။

ပြီးတော့…အုတ်ဂူများ…။

ငှက်ဆိုးအော်သံများကိုလည်း ကြားနေရသည်။

သူ့နောက်ကလိုက်လာသောသူများကလည်း သနိုင်းကုန်းမှ အမှောင်ထုထဲသို့ ခေတ္တမျှ ရပ်ကြည့်နေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်္ချိုင်းထဲရှိ M နာမည်ရှိသော ဘုန်းတော်ကြီး၏ အုတ်ဂူ…။

သူ့လူများအား အချက်ပြလိုက်သည်။ မီးလင်းသွားသည်။

သူ့လူများက လက်ကိုင်မီးအိမ်များ ထွန်းလိုက်သောကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးကို ကြည့်လိုက်သည်။

ဘုန်းတော်ကြီးကလည်း ဒေါက်တာကေဇက်ကို ပြန်ကြည့်လိုက်ပြီး မီးအိမ်တစ်ခုကိုင်ကာ သင်္ချိုင်းထဲသို့ စဝင်လိုက်သည်။

ထို့နောက် ဒေါက်တာကေဇက်က လိုက်ဝင်သည်။

သူ့နောက်မှ သူ့လူများ…..။

ညအမှောင်ထဲရှိ အုတ်ဂူများက ချောက်ချားစရာကောင်းလှသည်။ အုတ်ဂူများကို တစ်ခုပြီးတစ်ခု ကျော်သွားလိုက်သည်။

ဘုန်းတော်ကြီးနောက်ကိုသာ လိုက်နေကြသည်။

မည်သို့ဆိုသော် ဘုန်းတော်ကြီးသည် M အမည်ပါရှိသော အုတ်ဂူကိုသိသောကြောင့်ဖြစ်သည်။


ခဏနေသောအခါတွင် ဘုန်းတော်ကြီးက ရပ်လိုက်ပြီး မှန်အိမ်ကို မြေကြီးပေါ်သို့ချလိုက်သည်။ ထို့နောက်…

"ဒီနေရာပဲ" ဟု ဆိုပြီး ကမ္ဘည်းစာတစ်ခုကို ထိုးပြသည်။ အားလုံး ဝိုင်းကြည့်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ဒီနေရာကို တူးလိုက်"

ဟုဆိုပြီး ဒေါက်တာကေဇက်က သူ့လူများကို ပြောလိုက်သည်။

သူ့လူများကလည်း ပါလာသောပစ္စည်းများနှင့် ထိုနေရာအား စောင်တူးလေတော့သည်။

❐



www.burmeseclassic.com

www.burmeseclassic.com

## (၃၆)

ထိုစဉ် လမ်းမတစ်ခုတွင် လူသုံးယောက်သည် အလုပ်ရှုပ်နေကြ၏။ သေတ္တာကြီးတစ်ခုကို လမ်းမအလယ်ခေါင်၌ ချလိုက်သည်။

ထို့နောက် လူငယ်က သူယူလာသောပစ္စည်းအချို့အား ထည့်သည်။

ပြီးနောက် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို တစ်ခုချင်းစီ လိုက်ကြည့်သည်။

ခပ်ငယ်ငယ်၊ ခပ်မြင့်မြင့် အဆောက်အအုံတစ်ခုကို တွေ့ရသည်။

သူ သဘောကျသွားပြီး ကျန်လူများကို အချက်ပြလိုက်သည်။

နာရီကိုလည်း တစ်ချက်ကြည့်၏။

သူတို့လာခါနီးလောက်ပြီဟု စိတ်ထဲမှာတွေးလိုက်သည်။

❐



## (၃၇)

လူတစ်စုသည် သင်္ချိုင်းကုန်းမှ ထွက်လာ၏။ အရှေ့ဆုံးမှလူသည် လက်ထဲကစာအုပ်ကိုကြည့်ပြီး ကြည်နူးနေသည်။

ကျန်တဲ့လူများကလည်း ကြည်နူးနေပုံပေါက်သည်။

သူတို့သည် လာရာလမ်းအတိုင်း ခြေလှမ်းသွက်သွက်ဖြင့် ပြန်နေကြသည်။

လ၏အလင်းကလည်း ခပ်မှိန်မှိန်သာရှိတော့သည်။

တစ်နေရာအရောက်တွင်…

ခြေလှမ်းများ ရပ်တန့်သွား၏။

သူတို့သွားမည့်လမ်းတည့်တည့်တွင် သေတ္တာကြီးတစ်လုံးရှိနေသောကြောင့်ဖြစ်သည်။

အားလုံးသည် သေတ္တာနှင့် မလှမ်းမကမ်းနေရာတွင် ရပ်နေကြခြင်းဖြစ်သည်။ ဘာကြီးလဲဟု အားလုံးစိတ်ထဲတွင် ဒွိဟဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကေဇက်က သေတ္တာများသို့ တိုးသွားလိုက်သည်။

သူ့လူတစ်ယောက်ကို ခေါ်လိုက်သည်။

"သေတ္တာကို ဖွင့်ကြည့်စမ်း"

လူတစ်ယောက်မှာ ရှေ့သို့ထွက်လာပြီး သေတ္တာရှေ့တွင် ရပ်လိုက်သည်။

ခပ်ဖျော့ဖျော့လင်းနေသောလရောင်က သေတ္တာပေါ်ထိုးကျနေသည်။ သေတ္တာကိုဖွင့်ရန် လက်လှမ်းလိုက်သည်။

အားလုံးမှာ အသက်မရှူမိ…။

တံခါးကို ဆွဲဖွင့်သည်။

"ဖောင်း…ဖောင်း…ဖောင်း"

ဟူသောအသံနှင့်အတူ မီးရှူးမီးပန်းများ လွင့်တက်သွားသည်။

ရုတ်တရက် လန့်သွားကြပြီး ဒေါက်တာကေဇက်မှလွဲ၍ ကျန်သူများက မြေကြီးပေါ်ဝပ်လိုက်ကြသည်။

ဒေါက်တာကေဇက်ကတော့ မြေကြီးပေါ်မဝပ်ဘဲ မျက်နှာထား စာအုပ်နှင့်ကာလိုက်မိသည်။

"ဖောက်"

သူ့လက်မှာကျင်သွားပြီး စာအုပ်မှာ အဝေးသို့လွင့်သွားသည်။ သူနှင့် နှစ်ပေခန့်အကွာသို့ လွင့်သွားခြင်းဖြစ်သည်။

ဘာဖြစ်သွားတာလဲ…။

"ဖောင်း…ဖောင်း…ဖောင်း"



မီးရှူးမီးပန်းမှာလည်း ဆက်လက်ပေါက်နေဆဲ…။ အားလုံး ဝရုန်းသုန်းကားဖြစ်နေသည်။

စာအုပ်ကို လိုက်ရှာလိုက်သည်။

သူနှင့် မလှမ်းမကမ်းတွင် တွေ့ရသည်။ သူလှမ်းကောက်ရန် ပြင်လိုက်သည်။ သို့သော် စာအုပ်၏အလယ်တွင် အချွန်တစ်ခု စိုက်နေပြီး စာအုပ်မှာလည်း တရွေ့ရွေ့သွားနေသည်။ ထို့နောက် သူကြောင်ကြည့်နေစဉ်မှာပဲ စာအုပ်သည် သူနှင့်အဝေးဆုံးသို့ရောက်သွားသည်။

"ဟင်"

သူ အံ့သြသွားသည်။

သို့သော် တစ်ခုကိုလည်း သတိရမိသွား၏။

လူစိမ်း…။

သူ လှမ်းအော်လိုက်သည်။

"လူစိမ်း…လူစိမ်း"

စာအုပ်သွားရာနောက်ကိုကြည့်လိုက်သောအခါ မြင့်မားသော အဆောက်အအုံတစ်ခုအား တွေ့လိုက်ရသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

နောက်ဆုံးကျန်ရှိနေသောကြိုးကို ဆွဲယူလိုက်သည်။ လက်ထဲတွင် စာအုပ်ပါလာသည်။

သို့သော် ဝမ်းသာခြင်းမဖြစ်နိုင်သေးဘဲ အောက်သို့တစ်ချက်ကြည့်လိုက်သည်။ သူတို့ရှိနေသောအိမ်သို့ လူများပြေးလာသည်ကိုတွေ့လိုက်ရသည်။

သူက ဆူဇန်လက်ကို ဆွဲလိုက်သည်။

ဒေါက်တာက သူ့အိတ်ကို လှမ်းယူသည်။

ထို့နောက် အိမ်အပေါ်ထပ်မှနေ၍ ခပ်မြန်မြန် ပြေးဆင်းလိုက်သည်။

လက်ထဲတွင် စာအုပ်ရှိနေပြီဖြစ်သည်။

သို့သော် သူတို့နောက်မှလိုက်လာနေသောသူများကိုလည်းတွေ့လိုက်ရသည်။





ခြေလှမ်းတွေ....။

ခြေလှမ်းတွေ....။

သူတို့၏အပြေးနှုန်းများကို မြှင့်တင်လိုက်သည်။

"အင့်"

ဆူဇန် လဲကျသွားသည်။

နောက်က လိုက်လာသောလူများကလည်း နီးနေပြီဖြစ်သည်။ ဆူဇန့်ကို ဆွဲထူလိုက်သည်။

ခြေထောက်ကို တစ်ခုခုနဲ့ ထိမိသွားသောကြောင့် ဆူဇန်မှာ ထော့နဲ့ ထော့နဲ့ဖြစ်နေသည်။

ဒေါက်တာကလည်း ဆူဇန့်ကို တွဲသည်။

ဤသို့ဖြင့် လင်းဝေနှင့်ဒေါက်တာမှာ ဆူဇန့်ကို တစ်ယောက်တစ်ဖက်စီတွဲကာ ပြေးကြသည်။ သို့သော် ခရီးမတွင်ဘဲဖြစ်နေသည်။

ထိုပုံစံအတိုင်းဆိုလျှင် နောက်ကလိုက်လာသောသူများ မှီလာနိုင်သည်။

"အိမ်တစ်အိမ်ထဲ ဝင်ပုန်းနေကြရအောင်"

ဒေါက်တာက အကြံဉာဏ်ပေးသည်။

လင်းဝေက အနောက်ကို တစ်ချက်ကြည့်သည်။

လိုက်လာနေသောသူများမှာ အချိုးအကွေ့တစ်ခုတွင် ပျောက်ခဲ့သည်။

www.burmeseclassic.com



ထို့ကြောင့် နီးစပ်ရာအိမ် တစ်အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

''ဟာ....စာကြည့်တိုက်ဟောင်းတစ်ခုပဲ''

❒

## (၃၉)

ဖုန်တက်နေသောစာအုပ်များမှာ စင်ပေါ်တွင် သူ့အစီအစဉ်အတိုင်း ရှိနေသည်။ အချို့စာအုပ်များကိုလည်း ဟိုတစ်ပုံ ဒီတစ်ပုံ တွေ့ရသည်။

''ဟိုဘက်ကိုသွားရအောင်''

လင်းဝေက စာအုပ်စင်ထောင့်တစ်နေရာကို တွေ့လိုက်သည်။

ဆူဇန့်ကိုလည်း ထိုနေရာသို့ တွဲခေါ်သွားလိုက်၏။

ခြေထောက်ကိုကြည့်သောအခါတွင် သွေးအနည်းငယ် ကျက်နေသည်ကိုတွေ့ရ၏။

သူ တစ်ချက်ထိကြည့်လိုက်သည်။

''အား''

ဆူဇန့်မျက်နှာ တစ်ချက်ရှုံ့သွားသည်။

''ယောင်လည်း ယောင်နေတာပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက ဆူဇန့်ခြေထောက်ကိုကြည့်ပြီး ဝင်ပြောသည်

ထို့နောက် ဒေါက်တာသည် သူ့အိတ်ထဲမှာပါလာသော တစ်မျိုးကို ဆူဇန့်ဒဏ်ရာပေါ်လောင်းချကာ အဝတ်စတစ်ခုဖြင့် ပေးထားလိုက်သည်။

ပြီးနောက် သူနှင့်ဒေါက်တာသည် ဆူဇန့်ဘေးနားတွင် ထိုင်လိုက်ကြသည်။ ပတ်ဝန်းကျင်တွင် သူတို့သုံးယောက် အသ ရှုသံမှလွဲ၍ ဘာသံမှမကြားရချေ…။ တိတ်ဆိတ်နေသည်။

"ဘာသံမှ မကြားရပါလား"

ဒေါက်တာက သူတို့နှစ်ယောက်ကိုတိုးတိုးလေးကပ်ပြောသည်

"ကျွန်တော်တို့ကို ရှာမတွေ့ဘူးထင်တယ်"

"မတွေ့သေးတာဖြစ်မယ် လင်းဝေ"

အားလုံး၏မျက်လုံးများသည် ပိတ်ထားသောတံခါးဆီသို့ ရောက်နေသည်။ သူတို့ ဘယ်အချိန်ဝင်လာမလဲ…။

စိုးရိမ်စိတ်ဖြင့် သူတို့၏နှလုံးခုန်သံကိုပင် ပြန်ကြားနေရသည်

လင်းဝေက စာအုပ်ကို တင်းကျပ်စွာ ကိုင်ထားသည်။

စာအုပ်…။

ထိုအခါမှ စာအုပ်ကို သတိရသွားသည်။

စာအုပ်ထဲမှာ ဘာတွေရေးထားလဲ…။ သူတို့သုံးယော သိချင်လာသည်။

ထို့ကြောင့် စာအုပ်ကို စတင်လှန်လိုက်သည်။





စာအုပ်အစတွင် ဒီမြို့အကြောင်း သိကောင်းစရာအချို့ ရေး ထားသည်ကို တွေ့ရသည်။

❐

www.burmeseclassic.com

# (၄၀)

"ဒီမြို့ကို သချ်ာပညာရှင်နဲ့ အတွေးအခေါ်ပညာရှင်တို့ တည်ဆောက်ခဲ့တာပဲ"

စာအုပ်ထဲက အကြောင်းအရာအချို့ဖတ်ပြီးနောက် လင်းဝေ ရေရွတ်သည်။

"ဒါကြောင့် အုတ်ဂူတွေ၊ စာအုပ်တွေကို ပဟေဠိဆန်အောင် လုပ်ခဲ့တာဖြစ်မယ်"

ဒေါက်တာကလည်း ဝင်ပြောသည်။

"အိမ်နံပါတ် 25 အကြောင်းရော"

ဆွေစန်က အဓိကအကြောင်းအရာကို ဝင်မေးသည်။

ထိုအခါမှ လင်းဝေလည်း သတိရသွားပြီး စာအုပ်၏ မာတိကာကိုကြည့်ကာ အိမ်နံပါတ် 25 ဟုတပ်ထားသည့်ခေါင်းစဉ် အခန်းကို ကြည့်လိုက်သည်။





စစချင်း အောက်ပါအတိုင်းတွေ့ရသည်။

ဒီမြို့ကြီးတစ်ခုခုဖြစ်ရင်သော်လည်းကောင်း၊ ဒါမှ မဟုတ် အကြောင်းတစ်စုံတစ်ရာကြောင့် မြို့ပြင်သို့ထွက်ခွင့် မရရင် သော်လည်းကောင်း စသည့်ကိစ္စတစ်ခုပေါ်ပေါက်ခဲ့ ပါက မြို့ပြင်သို့ထွက်ခွာနိုင်ဖို့ နည်းလမ်းတစ်ခုပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြသည်။

နှစ်ရက်ခန့်ကြာသွားသည်။ မည်သည့်အဖြေမှ မရ ရှိခဲ့ချေ…။ သို့သော် သုံးရက်မြောက်ရောက်သောအခါတွင် အတွေးအခေါ်ပညာရှင်တစ်ဦးက အောက်ပါအတိုင်း ဝင် ရောက်ဆွေးနွေးသည်။

(၁) မြို့၏ထွက်ပေါက်လမ်းဖြစ်သောကြောင့် အထူးလျှို့ ဝှက်ချက်ဖြင့် တည်ဆောက်ရမည်။

(၂) မြို့သူမြို့သားအားလုံးမသိစေရပါ။

(၃) ထိုနေရာကို အိမ်နံပါတ်တစ်ခုဖြင့် အမှတ်အသားပြု ထားရမည်။

ဤသို့ အားလုံး လက်ခံသဘောတူညီသောအခါ ထို လျှို့ဝှက်လမ်းကို စတင်ဆောက်လုပ်ကြသည်။

ပြီးသောအခါတွင် ထိုအိမ်နံပါတ်ပါသောနေရာအား လွယ်လင့်တကူမသိစေရန်အတွက် သချ်ာပညာရှင်တစ်ဦးအား



www.burmeseclassic.com

www.burmeseclassic.com



အဆိုပြုသောကြောင့် အားလုံးတိုင်ပင်ပြီး ကိန်းဂဏန်းအချို့ဖြင့် ထိုအိမ်နံပါတ်ရှိရာနေရာအား အမှတ်အသားပြုခဲ့ကြသည်။

$$abcd - dcba = 25$$

$$abc - cba = 25$$

❐



## (၄၁)

စာအုပ်ကို ပိတ်လိုက်သည်။ ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလိုက်ကြသည်။

တော်တော်လေးကြာသည်အထိ စကားမပြောဘဲနေမိကြသည်။

ဘာအဓိပ္ပာယ်လဲ…။ စာအုပ်ထဲက အိမ်နံပါတ် 25 နေရာက ဘယ်မှာလဲ…။

တွေးလေ တွေးလေ ရှုပ်လေဖြစ်လာသည်။

သူတို့သုံးယောက်၏မျက်နှာတွင် စိတ်ပူပန်သည့် အရိပ်အယောင်များ အထင်းသားပေါ်နေသည်။

အိမ်နံပါတ် 25 ကိုလည်း အချိန်မီ ရှာတွေ့မှဖြစ်မည်။

ထိုစဉ်…

"လင်းဝေ..ဟိုမှာကြည့်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဆူဇန် ညွှန်ပြရာနေရာကို ကြည့်လိုက်ကြသည်။

''ဟင်''

တယ်လီဖုန်းတစ်လုံးကို တွေ့ရသည်။

သူ ဝမ်းသာသွားသည်။ ထိုကိစ္စကို သူမေးဖို့မေ့နေခြင်းဖြစ်သည်။

တယ်လီဖုန်းဖြင့် အခြားမြို့တွေကို အကူအညီတောင်းရနိုင်တာပဲ…။

သို့သော် သူ ဘယ်သူ့ကိုဆက်ရမလဲ…။ အခုအချိန်ထိ သူ ဘယ်သူလဲ၊ ဘယ်ကလဲပင် တွေး၍မရနိုင်သေး…။

ဆူဇန်က မတ်တပ်ရပ်လိုက်သည်။ ထော့နဲ့ ထော့နဲ့နှင့်ဖြစ်နေသည်။

''ဘာလုပ်မလို့လဲ''

''ငါနေတဲ့မြို့ဆီကိုဖုန်းဆက်မလို့''

ဝမ်းသာအားရဖြစ်နေပုံရသော သူမသည် ဒဏ်ရာကိုပင်မေ့နေပုံရသည်။

ဒေါက်တာကလည်း သူ့ဌာနကိုဖုန်းဆက်မည်ဆိုပြီး ထလိုက်ပြန်သည်။ သကတော့ ဆက်ထိုင်နေပြီး စာအုပ်ကို နောက်တစ်ခေါက်ကြည့်လိုက်မိသည်။

အိမ်နံပါတ် 25 ကို ရေးထားသည့် အခန်းဖြစ်သည်။

abcd - dcba = 25……………





သင်္ချာပညာရှင်……အတွေးအခေါ်ပညာရှင်………

ဖတ်ရင်းနှင့်ပင် ဘာကြောင့်မှန်းမသိ….။ ခေါင်းက တဆစ်ဆစ်ကိုက်လာသည်။ ဖုန်းခလုတ်နှိပ်သံတွေကို ကြားလိုက်ရသည်။

abc - cba = 25

တွေ့ဖူးသည်။ သူ့ဘဝတွင် ရင်းရင်းနှီးနှီးတွေ့ဖူးနေသည့် စာတန်းဟုလည်း ခံစားရသည်။

၂

တည်ဆောက်ခဲ့………သင်္ချာ…………

''မင်း ငါနဲ့လိုက်ခဲ့ပါလား''

အသံတစ်သံ…………

တစ်ချက်တွင် ခေါင်းက မိုက်ခနဲဖြစ်သွားသည်။ မျက်နှာတစ်ခုကို မြင်ယောင်မိသည်။ သူ ဘယ်သူလဲ….။

သူ ဘယ်သူလဲ…………။

ခေါင်းကို တစ်ချက်ရမ်းခါလိုက်သည်။

အသိဉာဏ်တစ်ချို့တို့ လွင့်စင်သွားသည်။

စာအုပ်ကို ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်လို့ရလား"

သူ လှမ်းမေးလိုက်သည်။

"ဆက်လို့မရဘူး·····လိုင်းတော့ဝင်တယ်"

ဆူဇန်က ဖုန်းကိုချလိုက်သည်။

ထို့နောက် လင်းဝေရှိရာသို့ ပြန်လျှောက်လာ၏။

ဤတွင် ဖုန်းမြည်သံကို ကြားလိုက်ရသည်။

"ကလင်···ကလင်···"

ရုတ်တရက် သူတို့သုံးယောက်စလုံး လန့်သွားသည်။

တယ်လီဖုန်းကိုသာ ကြောင်ကြည့်နေမိသည်။

ဖုန်းသံကလည်း အဆက်မပြတ်မြည်နေ၏။ ဖုန်းနှင့်အနီးဆုံး ရှိနေသောသူမှာ ဒေါက်တာဖြစ်သည်။

ဒေါက်တာက သူနှင့်ဆူဇန်ကို တစ်ချက်ကြည့်လိုက်သည်။

ဖုန်းကိုင်လိုက်ရမလားဆိုသည့်ပုံစံဖြစ်သည်။

သူတို့ ဘာမှပြန်မပြောခင်တွင် ဖုန်းသံရပ်သွားသည်။

"ဒေါက်တာဂေဇက် စမ်းနေတာဖြစ်မယ်"

ဒေါက်တာက ဝင်ပြောသည်။

"ဘာဖြစ်လို့လဲ"

"ဒီနားမှာရှိတဲ့ အိမ်အားလုံးက ရုံးတွေ၊ အရေးကြီးတဲ့နေရာတွေဆိုတော့ ဖုန်းလိုင်းခွဲတွေရှိတယ်။ ဒီတော့ ဒေါက်တာဂေဇက်ဟာ ဖုန်းလိုင်းခွဲအားလုံးကို ဆက်ကြည့်နေတာဖြစ်မယ်"



"···ခုတော်တို့ ကိုင်လိုက်မိရင် ဘယ်မှာလဲဆိုတာ သိသွားပြီပေါ့"

"အင်း·····ဟုတ်တယ်"

ဒေါက်တာက သူတို့ဆီကိုလျှောက်လာပြီး ဘေးနားတွင် ဝင်ထိုင်သည်။

ထို့နောက် သက်ပြင်းချလိုက်ပြီး·····

"ဘာဆက်လုပ်ကြမလဲ လင်းဝေ"

"အိမ်နံပါတ် 25 ကို အမိပွာယ်ဖော်ရမှာပဲ ဒေါက်တာ"

ဒေါက်တာက သူ့လက်ထဲမှစာအုပ်ကို ယူကြည့်ပြန်သည်။

ဆူဇန်ကလည်း ထပ်ကြည့်၏။

"ကျွန်တော် အဲဒီစာတန်းကို မြင်ဖူးနေတယ် ဒေါက်တာ"

"abcd ပါတဲ့ဟာကိုပြောတာလား"

"အင်း····ဟုတ်တယ်။ ပြီးတော့·····ခေါင်းထဲမှာ တစ်ခုခု သတိရသလိုမျိုးဖြစ်ပြီး ခေါင်းလည်းကိုက်လာတယ်"

ဆူဇန်က သူ့နားတိုးကပ်လာသည်။

"ရှင်က သင်္ချာနဲ့များ ပတ်သက်နေမလားမသိဘူးနော်"

"ဘာဖြစ်လို့လဲ"

"သင်္ချိုင်းသွားတဲ့လမ်းမှာစောင့်နေတဲ့ လူနှစ်ယောက်ကို နေပေးလိုက်တာကလည်း သင်္ချာနဲ့ပတ်သက်တယ်။ ပြီးတော့ သင်္ချိုင်း မြေပုံကို ဖော်တာရောပဲ"

www.burmeseclassic.com

www.burmeseclassic.com



လင်းဝေ တွေဝေသွားသည်။

ထိုကိစ္စတွေက သူ့ခေါင်းထဲမှာ အလိုလိုဖြစ်လာသောကြောင့် လုပ်လိုက် မိခြင်းဖြစ်သည်။ ဒေါက်တာကလည်း ဝင်၍ ဆွေးနွေးပြန် သည်။

“ဖြစ်နိုင်တယ် လင်းဝေ။ ဘာကြောင့်လဲဆိုတော့ မင်းရဲ့ မသိစိတ်က သင်္ချာနဲ့ပတ်သက်လာရင် တစ်ခုခုထူးခြားနေတယ်”

အားလုံး တိတ်ဆိတ်သွားသည်။ ဒေါက်တာနှင့် ဆူဇန်က သူ့ကိုစိုက်ကြည့်နေသည်။ သူ၏အတွေးများကလည်း ဝေဝါးနေသည်။

ဒေါက်တာလက်ထဲကစာအုပ်ကို လှမ်းယူလိုက်ပြန်သည်။

ထို့နောက် အိမ်နံပါတ် 25 ဆိုသောအခန်းကို ထပ်မံဖွင့် လိုက်၏။

❐

## (၄၂)

သူ မတ်တပ်ရပ်လိုက်သည်။ ထို့နောက် စာအုပ်စင်များကို …စ်ချက်ကြည့်လိုက်သည်။

“ဒေါက်တာ”

“ပြောလေ၊ လင်းဝေ”

“ဒီစာအုပ်စင်တွေထဲမှာ ကျွန်တော်လိုချင်တဲ့ သင်္ချာစာအုပ် …း ဝိုင်းရှာပေးပါလား”

“ပြောလေ၊ ရှာပေးမယ်”

ဒေါက်တာက မတ်တပ်ထရပ်သည်။

ဆူဇန်က “သူလည်းရှာပေးမယ်” ဟုဆိုကာ မရပ်နိုင်… …နှင့် ထရပ်သည်။ “မရှာပါနဲ့ ထိုင်နေပါ” ဟုပြောသော်… …သာကြောင့် လွှတ်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သူတို့သည် လင်းဝေပြောသော သချ်ာစာအုပ်ကို လိုက်ရှာကြသည်။ အချိန်မှာ နံနက်အရုဏ်တက်ပင် ရောက်ရှိတော့မည် ဖြစ်သည်။

လင်းဝေက လှေကားယူပြီး စာအုပ်စင်ပေါ်တက်ရှာသည်။

ဒေါက်တာနှင့်ဆူဇန်က အခြားတစ်ဖက်မှာရှာ၏။

စာအုပ်များမှာ အညွှန်းမထိုးထားသောကြောင့် တော်တော် ကြီးကို ရှာနေရသည်။ သမိုင်းစာအုပ်နှင့် သိပ္ပံစာအုပ် ရောလိုရောနှ ဖြစ်နေ၏။

အချိန်·······။

တစ်နာရီ·······တစ်နာရီခွဲ ကြာသွားသည့်တိုင် လိုချင်သည့် စာအုပ် (သို့) ထိုအကြောင်းအရာပါနိုင်သည်ဟုထင်ရသည့် စာအုပ် ပင် မတွေ့သေး···။

သို့သော် ရှာလို့ရသမျှ သချ်ာစာအုပ်များကို ပုံထားသည်မှာ တော့ အတော်များနေပြီဖြစ်သည်။

နံနက်မိုးလင်းပြီဖြစ်သည်။ အလင်းရောင်အချို့က ပြတင်း ပေါက်မှတစ်ဆင့် ဝင်လာကြသည်။

ထိုစဉ် လင်းဝေသည် အနီရောင်စာအုပ်လေးတစ်အုပ်ကို လှမ်း ယူလိုက်သည်။

စာအုပ်မဟုတ်ဘဲ ဖတ်ထားသမျှ စာရွက်စာတမ်းများ ညှပ်ထားသောစာအုပ်ပါးတစ်ခုဖြစ်နေသောကြောင့် စာရွက်အချို့ ပြုတ် ကျသွားသည်။





ပြုတ်ကျသွားသည့်စာရွက်ကို လိုက်ကြည့်မိသည်။

''ဟာ···တွေ့ပြီ''

လှေကားပေါ်မှ ကမန်းကတန်းဆင်းပြီး ပြုတ်ကျသွားသည့် စာရွက်များထဲမှ စာရွက်တစ်ရွက်ကို ကောက်ကိုင်လိုက်သည်။

ဒေါက်တာနှင့်ဆူဇန်မှာလည်း သူ့ဆီသို့ ဝမ်းသာအားရနှင့် ပြေးလာကြသည်။

''ဒုန်း······ဒုန်း''

တံခါးထုသံများ ကြားလိုက်ရသည်။

ပြေးလာသော ဒေါက်တာ့ခြေလှမ်းများ ရပ်သွား၏။

ဆူဇန်လည်း ရပ်သွားသည်။

လင်းဝေမှာ တံခါးဆီသို့လှမ်းကြည့်လိုက်သည်။ ကြီးမားသောအရာဖြင့် တံခါးအား အပြင်မှ ထုရိုက်နေခြင်းဖြစ်ပုံရသည်။

တံခါးကိုခုထားသော သူတို့၏ပစ္စည်းများသည်လည်း ခံနိုင် ရည်နည်းလာသည်ကို တွေ့ရသည်။

လင်းဝေရောက်နေသောနေရာမှာ ပြတင်းပေါက်နားတွင် ဖြစ်သည်။

အမှတ်မထင် ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်မိ လိုက်သည်။

သူတို့နေရာနှင့် ခပ်လှမ်းလှမ်းတွင် ကားအပျက်တစ်စီးကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ သူ အရင်ခုန်ဆင်းလိုက်ည်။

နံရံသို့ကပ်လိုက်ပြီး လူအရိပ်အခြေ ကြည့်လိုက်သည်။ အရှေ့ အာရုံရောက်နေသောကြောင့် အိမ်ဘေးပတ်လည်တွင် လူမရှိချေ···။

ဆူဇန်ကို ခုန်ချခိုင်းလိုက်သည်။

သူက အောက်ကနေ၍ ပွေ့ယူလိုက်ကဲသည်။

အိမ်ရှေ့တံခါးမကြီးသည်လည်း သူတို့၏ရိုက်နက်မှုကြောင့် တာန်ငယ်ပွင့်နေပြီဖြစ်သည်။

ဒေါက်တာကလည်း ဆူဇန်နီးတူပင် ခုန်ဆင်းလာ၏။

“ကားထဲကိုပြေး·····ဝပ်နေရအောင်”

ဟု လင်းဝေက တိုးတိုးလေးပြောရင်း ကားပျက်ထဲသို့ ပြေးလိုက် ကြသည်။

ထိုစဉ် အိမ်ရှေ့တံခါးမကြီးသည်လည်း ပွင့်သွားပြီဖြစ်သည်။

❐



www.burmeseclassic.com

www.burmeseclassic.com

# (၄၃)

ခဏကြာသောအခါတွင် အသံများ တိတ်ဆိတ်သွားသည်။ ကားအပေါင်းထဲတွင် သူနှင့် ဆူဇန်က အရှေ့ဘက်တွင် ပုန်းနေ ဒေါက်တာက အနောက်ဘက်တွင် ပုန်းနေခြင်းဖြစ်သည်။

"သူတို့သွားပြီထင်တယ်"

ဒေါက်တာက တိုးတိုးလေး ရေရွတ်သည်။

လင်းဝေက ပုန်းနေရာမှ ခေါင်းထောင်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

တစ်ဦးတစ်ယောက်မှ မတွေ့ရချေ……။

"လင်းဝေ……စာအုပ်ရော"

ဆူဇန်ပြောမှပင် စာအုပ်ကို သတိရသွားသည်။

"အထဲမှာ ကျန်ခဲ့ပြီထင်တယ်"

"ဟင်….ဒါဆို ဘယ်လိုလုပ်မလဲ"





ဆူဇန်က စိုးရိမ်တကြီးဖြစ်သွားသည်။

ဒေါက်တာက…..

"အိမ်နံပါတ် 25 ရဲ့လမ်းညွှန်ကို မှတ်မိနေတာပဲ။ စာအုပ်မလိုတော့ပါဘူး"

"ဟုတ်တယ်။ ကျွန်တော်လည်း မှတ်မိတယ်။ အရေးကြီးတဲ့ ခုနကစာရွက်ပါလာတဲ့အတွက် တော်သေးတာပေါ့ ဒေါက်တာ"

"အဲဒါ ဘာစာရွက်လဲ လင်းဝေ"

သူတို့သုံးယောက်စလုံးသည် စကားကို တိုးတိုးတိတ်တိတ် ပြောနေကြခြင်းဖြစ်သည်။

"သင်္ချာကျွန်းနယ်ထဲက ဆောင်းပါးလေးတစ်ပုဒ်ပါ၊ ထူးဆန်းတဲ့ ဂဏန်းအချို့အကြောင်း ရေးထားတာ"

စိတ်ဝင်စားသွားကြသည်။

"ဒေါက်တာ့ကို တစ်ခုမေးရဦးမယ်"

"မေးလေ"

"ဒေါက်တာကေဇက်က ဒီမြို့က မြို့သားမဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဒါဆို သူက ဘာလဲ…..ဘယ်ကလဲ"

"သူက သင်္ချာပညာရှင်ပါ။ ဒီမြို့လေးက သင်္ချာပညာရှင် တည်ဆောက်ခဲ့တာဆိုတော့ သင်္ချာအကြောင်းကို လာလေ့လာရင်း အခွဲ ခေါင်းဆောင်ပါ။ အဲဒီမှာ ရောဂါရသွားလို့ ဒီမှာကျန်ခဲ့တာပါ"

www.burmeseclassic.com



"ဒီမြို့ကို လာလေ့လာတဲ့အဖွဲ့ဟုတ်လား"

"ဟုတ်တယ်။ အဲဒီအဖွဲ့ထဲမှာ သချၤာကျောင်းသားတွေလည်း ပါတယ်"

အပြင်ကလာသော အော်သံတစ်ချို့ကြောင့် စကားရပ်လိုက်ပြီး ကားထဲတွင် ငြိမ်နေလိုက်ကြသည်။

အချိန်အတော်ကြာပြီး အသံများရပ်သွားသောအခါတွင်—

"လင်းဝေ....အိမ်နံပါတ် 25 ကို ဘယ်လိုရှာမလဲ"

ဟု ဆူဇန်ကတိုးတိုးလေး ကပ်မေးလိုက်သည်။

❐



## (၄၄)

သူ့လူတစ်ယောက်က သူ့ကို စာအုပ်တစ်အုပ် ကမ်းပေးသည်။ အိမ်နံပါတ် 25 ကို လမ်းညွှန်ထားသောစာအုပ်ဖြစ်သည်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်သောအခါ စာအုပ်အချို့ ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့ရသည်။

သူတို့ တစ်ခုခုကို ရှာခဲ့ကြပုံရသည်ဟု တွေးမိသည်။

စာအုပ်ကို ဖွင့်ကြည့်လိုက်၏။

မာတိကာထဲတွင် အိမ်နံပါတ် 25 ကို တွေ့ရသည်။

ကမန်းကတန်း လှန်ကြည့်လိုက်သည်။

သူ မျက်ခှောင်ကြုတ်မိသည်။

ဂဏန်းတွေ........။

ဂဏန်းတွေ........။

သူ တစ်စုံတစ်ခုကို သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စာအုပ်ကိုပိတ်လိုက်ပြီး....

"သွားရအောင်"

ဟု အားလုံးကြားအောင်ပြောလိုက်သည်။

❐

**Home No. 25**

www.burmeseclassic.com

www.burmeseclassic.com



(၁) ကြိုက်နှစ်သက်ရာ ကြီးစဥ်ငယ်လိုက် ဂဏန်းလေးလုံးယူပါ။

9871

(၂) ထိုဂဏန်းအား ငယ်စဥ်ကြီးလိုက်ပြန်စီပြီး နှင်းအားနှုတ်ပါ။

9871-1789 = 8082

(၃) ရလာသောအဖြေအား ကြီးစဥ်ငယ်လိုက်စီပြီး ထပ်မံ၍ ငယ်စဥ်ကြီးလိုက်ထဲကနှုတ်ပါ။

9871-1789 = 8082

8820-0288 = 8532

(၄) ထိုအတိုင်း ထပ်ကာထပ်ကာလုပ်ပါ။

9871-1789 = 8082

8820-0288 = 8532

8532-2358 = 6174

7641-1467 = 6174

(၅) နောက်ဆုံးက ဘယ်လိုပဲလုပ်လုပ် 6174 ပဲထပ်[illegible] ရသည်။



www.burmeseclassic.com

www.burmeseclassic.com



(၆) မယုံဘူးလား။ နောက်တစ်ခု လုပ်ကြည့်ရအောင်။

5200-0025 = 5175

7551-1557 = 5994

9954-4599 = 5355

5553-3555 = 1998

9981-1899 = 8532

8532-2358 = 6174

7641-1467 = 6174

(၇) ဟော........ 6174 ပဲ ထပ်ရပြန်ပြီ။

6174

❒



## (၄၅)

"အဲဒါနဲ့ ဒီ abcd တွေနဲ့ ဘာဆိုင်လို့လဲ"

ဆူဇန်က စာရွက်ကို ဖတ်ကြည့်ပြီးနောက်ပြောသည်။

"ဆိုင်တာပေါ့ abcd ကို ပြန်ကြည့်ပါလား"

ဆူဇန်က ပြန်ကြည့်သည်။

abcd - dcba = 25

"သူလည်း ပထမစာလုံးက ကြီးစဉ်ငယ်လိုက်ထဲက ငယ်စဉ်ကြီးလိုက်ကို နုတ်တာမှတ်လား"

"အင်း"

"ဒီတော့ သူဆိုလိုတာ ခုနက ပုံသေနည်းအတိုင်းတွက်ပြီးရလာတဲ့အဖြေကို ဆိုလိုချင်ပုံရတယ်"

"ဘယ်လို၊ နားမလည်ဘူး"

"ဒီလိုလေ"

www.burmeseclassic.com



ဟုဆိုပြီး လင်းဝေက စာရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးချလိုက်သည်။

6174 = 25

''ဩော်''

''ပြီးတော့ abc ဆိုတာရှိသေးတယ်''

''အင်း…အဲဒါကရော''

''ခုနက ပုံသေနည်းအတိုင်းပဲ သူက သုံးလုံးပဲဖြစ်သွားတာ''

''သူကရော ဘယ်ဂဏန်းမှာ ဆုံးလဲ''

လင်းဝေက စာရွက်ပေါ်တွင် ဂဏန်းအနည်းငယ် တွက်ပြလိုက်သည်။

753 - 357 = 396

963 - 369 = 594

954 - 459 = 495

954 - 459 = 495

''ဒါဆို သုံးလုံးဂဏန်းရဲ့နောက်ဆုံးက 495 ပေါ့''

''ဟုတ်တယ်''

လင်းဝေက ပြောလည်းပြောရင်း စာရွက်ပေါ်တွင်လည်း ထပ်ဖြည့်လိုက်သည်။





| | |
|---|---|
| 6174 | = 25 |
| 495 | = 25 |

''နောက်ပြီး ဂဏန်းနှစ်လုံးလည်းရှိသေးတယ်''

''ဟင်….နှစ်လုံးလည်းရှိသေးတယ်''

လင်းဝေလည်း တွက်ပြရပြန်သည်။

82-28 = 54

54-45 = 9

90-09 = 81

81-18 = 63

63-36 = 27

72-27 = 45

54-45 = 9

''ဒီဂဏန်းနှစ်လုံးကတော့ 9 မှာဆုံးတယ်…ဒီတော့'' ဟုဆိုပြီး ထပ်ဖြည့်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| 6174 | = 25 |
| 495 | = 25 |
| 9 | = 25 |

"တိုက်တိုက်ဆိုင်ဆိုင်ပဲ။ ဒီဘက်က ဂဏာန်းတွေကို တ[illegible] တည်းဖြစ်အောင် ပေါင်းကြည့်ရင် 9 ပဲရတယ်"

| | | |
|---|---|---|
| 9 | = | 25 |
| 9 | = | 25 |
| 9 | = | 25 |

"ဟင်"

ဆူဇန် အံ့ဩသွားသည်။


လင်းဝေကိုလည်း တစ်ချက်ကြည့်သည်။

ယခုအချိန်ထိ သူတို့ ကားထဲမှာပဲ ရှိနေသေးသည်။

"ဆိုလိုချင်တာက အိမ်နံပါတ် 25 ဟာ အိမ်နံပါတ် 9 [illegible] အတူတူပဲလို့ပြောတာဖြစ်လိမ့်မယ်"

❒





www.burmeseclassic.com

www.burmeseclassic.com

## (၄၆)

အိမ်နံပါတ် (၉)·······။

မြို့လယ်တွင်ရှိသော အိမ်လေးတစ်အိမ်ဖြစ်သည်။ သာမန် အိမ်လေးတစ်အိမ်သာဖြစ်သည်။

ယခင်ကတည်းက မည်သူတစ်ဦးတစ်ယောက်မှ ဗိုင်ဆိုင်ပုံ ရေသော အိမ်လေးဖြစ်ပုံရသည်။

ထိုစဉ်···

ထိုအိမ်လေးနားသို့ လူသုံးယောက်သည် ဘေးပတ်ဝန်းကျင် ကို ကြည့်ကာကြည့်ကာနှင့် အိမ်ဆီသို့လျှောက်လာနေသည်။

ကံကောင်းထောက်မစွာပင် အိမ်နံပါတ် (၉)များတွင် လူမရှိ ချေ····။ လင်းဝေက တံခါးကိုဆွဲဖွင့်သည်။

ဆူဇန်က လင်းဝေနောက်ကဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တာက သူတို့နှစ်ယောက်နောက်မှနေကာ ချန်ရစ်ပြီး အိမ်ထဲသို့ လိုက်ဝင်လိုက်သည်။

❒



(၄၇)

ကြမ်းပြင်မှာ ကျောက်သားပုံစံပြုလုပ်ထားသည်မှလွဲ၍ ရိုးရိုးအိမ်တစ်လုံးသာရှိသည်။

အိမ်နံရံတွင်မှီ၍ထောင်ထားသော လှေကားတစ်ခုမှလွဲ၍ ဘာပရိဘောဂမှ မရှိချေ....။

အားလုံး ရှင်းလင်းနေသည်။

ထို့ပြင် အိမ်ကလေးကလည်း အတော်ပင်ကျဉ်းလှ၏။

"ဘယ်မှာလဲ။ ဒီမြို့ကထွက်တဲ့လမ်း"

ခေါက်တာက ဟိုလျှောက်ဒီလျှောက်ရင်းနှင့် ညည်းညူသည်။

သူတို့လည်း ဘာမှ နားမလည်နိုင်ချေ.....။

သူတို့၏ တွက်ချက်မှုတွေ မှားနေလို့လား......။

ဝေခွဲမရဖြစ်သွားသည်။

အိမ်ထဲတွင် လမ်းလျှောက်နေရုံမှလွဲ၍ ဘာမှစဉ်းစားလို့မရချေ...။



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါက်·····။

ဒီမြို့ရဲ့ထွက်ပေါက်······။

စဉ်းစားသည်။

ဘာမှမရှိသောအိမ်·····။ လှေကားတစ်ခုသာရှိသော အိမ်·····။ အိမ်နံပါတ် 25 ·········။

အိမ်၏ထောင့်နေရာတွင် ထောင်ထားသော လှေကားကို စူးစိုက်ပြီးကြည့်မိသည်။

လှေကား·······။

လှေကား·······။

ရုတ်တရက် သူအတွေးတစ်ခုရသွားသည်။

ထိုစဉ်မှာပဲ ဆူဇန့်အသံကို ကြားလိုက်ရသည်။

"ဒီအိမ်ဘက်ကို လူတွေလာနေတယ်"

သူနှင့်ဒေါက်တာလည်း သံတိုင်များကြားမှနေ၍ အပြင်ဘက်ကို ကြည့်လိုက်ကြသည်။

ဒေါက်တာကေဇက်နှင့် သူ့လူများက သူတို့ရှိနေသော အိမ်ဖက်ဆီသို့ လှမ်းလာနေသည်ကို တွေ့ရသည်။

"ဟင်"

လင်းဝေ ခေါင်းခါရမ်းလိုက်သည်။

အရှေ့က လမ်းလျှောက်လာနေတဲ့လူကို သူ သိသလိုပါလား···။





"အရှေ့ကလမ်းလျှောက်လာတာ ဘယ်သူလဲ"

"ဒေါက်တာကေဇက်လေ····ညတုန်းကပြတယ်လေ"

ညတုန်းကမှောင်နေ၍ သူကောင်းကောင်း မမြင်ခဲ့ရချေ···။

အခု အလင်းရောင်ဖြင့် မြင်သောအခါမှ သူ့စိတ်ထဲတစ်ခုခုကို သတိရသလို ခံစားလာရသည်။

"လင်းဝေ·······ဘယ်လိုလုပ်မလဲ"

ဆူဇန့်အသံကြောင့် အတွေးများပြတ်တောက်သွားသည်။

ခုနစဉ်းစားထားသောအရာကို ပြန်လည်တွေးလိုက်ပြီး အုတ်သားပုံစံ ကြမ်းခင်းများပေါ်တွင် လိုက်ခုန်ကြည့်နေသည်။

ဆူဇန်နှင့်ဒေါက်တာမှာ နားမလည်သည့် မျက်ဝန်းများဖြင့် သူ့ကိုကြည့်နေ သည်။

သူကလည်း လှမ်းအော်ပြောရသည်။

"ကျွန်တော်ခုန်သလို လိုက်ခုန်ကြည့်"

ဒေါက်တာကေဇက်တို့အဖွဲ့မှာ အိမ်နှင့်အတော်နီးနေပြီဖြစ်သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

## (၄၈)

''ဂလောက်······ဂလောက်''

လင်းဝေ နင်းလိုက်သောကြမ်းခင်းတစ်ခုသည် အခြားကြ
ခင်းများနင်းသည့်အသံနှင့်မတူပေ·········။

အသံတစ်မျိုးထွက်နေသည်။

''ဒေါက်တာ လာကူပါဦး''

ဒေါက်တာအား လှမ်းခေါ်လိုက်ပြီးနောက် သူနင်းထားသေ
ကြမ်းခင်းအချပ်အား မကြည့်လိုက်သည်။

အိမ်အောက်ထပ်သို့ဆင်းသွားသော မြေအောက်ခန်းတစ်
တွေ့ရသည်။ လင်းဝေလည်း အချိန်ဆိုင်းမနေတော့ဘဲ အိမ်ခန်းထော
ရှိ လှေကားအား ယူလိုက်ပြီး မြေအောက်ခန်းသို့ဆင်းရန်အတွင
လှေကားကို အောက်ချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက လှေကားမှတဆင့် မြေအောက်ခန်းထဲသို့ အရင်ဆင်းသည်။ ထို့နောက်·····

''ဆူဖန်·····နင် ဆင်းတော့ မြန်မြန်''

ဒေါက်တာကေဇက်တို့အဖွဲ့မှာ အိမ်တံခါးနားသို့ ရောက်ရှိနေပြီဖြစ်သည်။

ဆူဖန်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် မြေအောက်ခန်းထဲသို့ ဆင်းပြန်သည်။

ဆူဖန် ဆင်းပြီးသောအခါ လင်းဝေလည်း ခပ်မြန်မြန် လိုက်ဆင်းရသည်။

လင်းဝေ အောက်ရောက်သောအခါတွင် အပေါ်မှ တံခါးဖွင့်သံ ကြားရသည်။ ဒေါက်တာနှင့်ဆူဖန်က မြေအောက်ခန်းရှိ ရှေ့တည့်တည့်အား စိုက်ကြည့်နေသည်။

သူလည်း ကြည့်လိုက်သည်။

''ဟာ''

လမ်းတစ်လမ်းကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



''ပြေး.....ပြေး''

သူ သတိပေးအော်ဟစ်လိုက်မှပင် ဒေါက်တာနှင့်သူ့စမ်မှာ အသက်ဝင်သလိုဖြစ်သွားပြီး လှိုဏ်ခေါင်းတစ်လျှောက် ပြေးလေတော့သည်။

သူလည်း သူတို့နှစ်ယောက်နောက်မှ လိုက်ပြေး၏။ အိမ် အပေါ်ထပ်လှေကားမှဆင်းလာသော လူအချို့ကိုလည်း တွေ့လိုက်ရသည်။

❒



www.burmeseclassic.com

www.burmeseclassic.com

## (၄၉)

ပြေးရင်းပြေးရင်းနှင့်ပင် သူတို့သုံးယောက်စလုံး မောဟိုက်လာသည်။ ရှေ့တွင်လည်း လှိုဏ်ခေါင်းမှာ အတော်အတန် ရှိနေသေးသည်။

နောက်မှလည်း လူတစ်ချို့ လိုက်လာသံကြားရသည်။

မတတ်နိုင်တော့·····။

ဆက်ပြေးရတော့မည်။

ဆက်ပြေး··········။

ဆက်ပြေး··········။

ခဏကြာသောအခါတွင် ရှေ့တွင်ပြေးစရာလမ်းမရှိတော့···။

လှေကားတစ်ခုကိုပဲ ထပ်တွေ့ရသည်။

"အပေါ်ကိုတက်တဲ့လှေကားထင်တယ်"

ဘာမှ ထွေထွေထူးထူး မစဉ်းစားတော့ဘဲ လှေကားမှတဆင့် ဆူဇန်အား အပေါ်သို့ အရင်တက်ခိုင်းလိုက်သည်။





ပြီးနောက် ဒေါက်တာ·····။

အားလုံး အပေါ်ရောက်ပြီးသောအခါတွင် သူတက်ရန် ပြင်လိုက်သည်။ လှိုဏ်ခေါင်းတစ်လျှောက် သူမြင်ခဲ့သော အရာတစ်ခုကိုလည်း သတိရသွားသည်။ သို့သော်······

နောက်မှလိုက်လာသောသူများကလည်း သူတို့နောက်သို့ ဆက်လိုက်လာသည်။

"လင်းဝေ······တက်ခဲ့တော့လေ၊ ဘာလုပ်နေတာလဲ"

လင်းဝေသည် လှေကားပေါ်မတက်သေးဘဲ နောက်သို့ပြန်လှည့်ပြေးသည်။

နည်းနည်းပြေးပြီးသောအခါတွင် လမ်း၌ သူမြင်ခဲ့သောနေရာသို့ ရောက်ရှိလာသည်။

သူ့ရှေ့တည့်တည့် ခပ်လှမ်းလှမ်းမှ ပြေးလာသောလူများကို တွေ့လိုက်ရသည်။ သူ လှိုဏ်ခေါင်းအမိုးကို ကြည့်လိုက်သည်။

အနည်းငယ် ဆွေးအက်နေသောကြောင့် ဒေါက်နှစ်ခုဖြင့် ခံထားသောနေရာဖြစ်သည်။

ချက်ချင်းဆိုသလိုပင် ထိုဒေါက်နှစ်ခုအား ဖြုတ်လိုက်သည်။

"ဝုန်း"

ဖုန်မှုန့်များ······အုတ်များဖြင့် လှိုဏ်ခေါင်းတစ်ခုလုံး ပိတ်သွားသည်။ သူကတော့ အမိုးပြိုကျသည့်နေရာနှင့် လွတ်အောင်ရှောင်လိုက်ပြီး လှေကားရှိရာသို့ပြေးရန် ဟန်ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

ခေါင်းတည့်တည့်သို့ အဝေးမှ အုတ်ပြားတစ်ခု လာမှန်သည်။

မူးဝေသွားသည်။ ထို့နောက် ဘာကိုမှ မမြင်ရတော့·····။

သူ့တစ်ကိုယ်လုံး ပျော့ခွေသွားကာ ပစ်လဲကျသွားသည်။

တစ်ဖက်တွင် ဒေါက်တာကေဇက်တို့အဖွဲ့·····။

အလယ်တွင် အမိုးပြိုကျမှုကြောင့် လှိုဏ်ခေါင်းပိတ်နေသည်။

တစ်ဖက်တွင်တော့ လင်းဝေမှာ ခွေလျက်လဲကျနေလေတော့သည်။

❒



## (၅၀)

"လင်းဝေ ဆရာတို့ မြို့လေးတစ်မြို့ကို သွားစရာရှိတယ်။ လိုက်ခဲ့မလား"

ဆရာက စာသင်ချိန်အပြီးတွင် လင်းဝေကိုခေါ်၍ပြောသည်။

"ဘယ်မြို့လေးလဲ ဆရာ"

"အဲဒီမြို့လေးကို သင်္ချာပညာရှင်တွေ၊ အတွေးအခေါ်ပညာရှင်တွေက တည်ခဲ့တာတဲ့။ အဲဒါကြောင့် အဲဒီမြို့လေးမှာ သင်္ချာနဲ့ ပတ်သက်တဲ့အကြောင်းအရာလေးတွေကို သွားလေ့လာမလို့ပါ"

"ဆရာပါရင်တော့ လိုက်မှာပေါ့။ ဘယ်သူတွေပါမှာလဲ ဆရာ"

"ကျန်တဲ့ဆရာတွေလည်းပါမှာပါ။ ကျောင်းသားတွေရောပေါ့"

လင်းဝေမှာ မစဉ်းစားနေတော့ဘဲ လိုက်မယ်ဟု ဆရာ့အား ကတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မနက်ဖြန် ခရီးထွက်မယ်။ အသင့်ပြင်ထားနော်"

လင်းဝေမှာ စာအုပ်များကို လွယ်အိတ်ထဲထည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

❐



(၅၁)

မြို့လေးသို့ရောက်ပြီး တစ်ပတ်ကြာပြီး တစ်နေ့တွင်…။

လူများ ပြေးနေသည်။

ပေါက်ကွဲသံများနှင့် ဖုန်များက လိမ့်ဝင်လာသည်။

လင်းဝေလည်း အိတ်ထဲသို့ သူ့ပစ္စည်းများကို လိမ့်ထည့်လိုက်သည်။

ဗိုင်းရပ်(စ်)…..။

ဗိုင်းရပ်(စ်)တစ်မျိုးသည် ဤမြို့လေးတွင် ပျံ့ပွားနေပြီဖြစ်သည်။

အားလုံးနှင့်အတူ သူလည်း ဒီမြို့လေးက ထွက်ခွာရတော့မည်ဖြစ်သည်။ ဆရာနှင့် သူ့အဖွဲ့ဝင်တွေရော….။

သူမသိတော့…။

ဆရာမှာ ပြီးခဲ့သည့်တစ်ရက်ကမှ ရောဂါကူးစက်ခံထားရကြောင်း သူတို့သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ကို လွယ်လိုက်သည်။

ပြီးနောက် အိမ်တံခါးကိုဖွင့်လိုက်ပြီး အပြင်သို့ထွက်လိုက်သည်။

"ဝုန်း"

လူအုပ်ကြီးတစ်အုပ်၏ တွန်းတိုက်မှုကြောင့် သူ့အိမ်ထဲသို့ ပက်လက်လှန်ပြီး ပြန့်ဝင်သွားသည်။

အရှိန်ပြင်းသောကြောင့် သူ၏ခန္ဓာကိုယ်သည် တစ်လှိမ့်ပြီး တစ်လှိမ့် အိမ်ထဲတွင် လှိမ့်ပြီးသွားနေသည်။

"ခွပ်"

မာကျောသောအရာတစ်ခုနှင့်တိုက်မိပြီး သူ့အလင်းတို့ ပျောက်ကွယ်သွားသည်။

❒



## (၅၂)

မျက်နှာပေါ်ကျလာသော အလင်းရောင်ကြောင့် သူလန့်နိုးသွားသည်။ ထိုအလင်းကို လက်ဖြင့်ကာလိုက်၏။

သူ့ခေါင်းက အနည်းငယ်နာကျင်နေတာကို သတိထားမိသည်။ ပြီးနောက် သူ့ခန္ဓာကိုယ်အားလှဲနေရာမှ ထထိုင်ရန် ကြိုးစားလိုက်သည်။

"လင်းဝေ……မထနဲ့ဦးလေ"

စိုးရိမ်နေသော ဆွေ့ဖန့်မျက်နှာကို တွေ့လိုက်ရသည်။

"ငါ ဘယ်ရောက်နေတာလဲ"

"ဆေးရုံကိုရောက်နေတာ"

"ငါတို့……….."

ဟု စကားမဆက်နိုင်ဘဲဖြစ်သွားသည်။

"ဟုတ်တယ်….လင်းဝေ အပေါ်တက်လာတာမတွေ့လို့ ကြည့်လိုက်တာက ပြန်ဆုံးပြီးခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာရော"

"ရှိတယ်....ဆရာဝန်တွေနဲ့ စကားပြောနေတယ်"

ထို့နောက် လင်းဝေခေါင်းထဲသို့ အတွေးတစ်ခုဝင်လာပြီး...

"နှင်...နှင့်ရောဂါအခြေအနေရော"

"ငါ့မှာ ဘာရောဂါမှမရှိဘူး။ ပြီးတော့ အဲဒီမြို့ကနေ အ... မှိုပြန့်သွားတဲ့ ဒေါက်တာတွေမှာ ရောဂါရဲ့အချက်အလက်တွေ ပါသွ... တယ်လေ။ ဒီတော့ သူတို့တွေက ခေတ်မှီကိရိယာတွေနဲ့ အဲဒီပိုးရ... ကို ကာကွယ်ကုသနိုင်တဲ့ဆေးကို ဖော်လို့ရသွားပြီ"

သူ ဝမ်းသာသွားသည်။

ထို့နောက် ကုတင်ပေါ်သို့ ပြန်မှီချလိုက်သည်။

ဆူဇန်က သူ့ကို ငေးကြည့်နေသည်။

သူကလည်း ဆူဇန်ကို ပြန်ကြည့်နေလိုက်၏။

ထို့ပြင် ဆူဇန်၏လက်ကလေးသည် သူ့လက်နားသို့ ရော... ရှိလာလေသည်။

လေးစားစွာဖြင့်.....



